သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစုဘုံကထိန်တွင် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစုဘုံကထိန်တက်ရောက်၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁

ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစုဘုံကထိန်ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမဦ္ဘကျောင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုတာရာမကျောင်းတိုက် မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ အလံပြကျောင်းတိုက်မှ ဆရာတော် သံဃာတော်များ၊ ကထိန်ခံသော စမ်းချောင်းကျောင်းတိုက်မှ ဆရာတော် သံဃာတော်များ စုစုပေါင်း ၂၇ ပါး ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ကျောဖုံးသို့ ✻

အိန္ဒိယသမ္မတနိုင်ငံဒုတိယသမ္မတဘိုင်ရွန်းဆင်းရှေခါဝပ်၏ ကိုယ်ရေးအကျဉ်းချုပ်

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်းဆင်းရှေခါဝပ်။

ရန်ကုန် နိုဝင်ဘာ ၁

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်းဆင်းရှေခါဝပ်သည် လယ်ယာလုပ်ကိုင်သူနှင့် စိုက်ပျိုးရေးပညာရှင်တစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ရာဂျာစ်သန်ပြည်နယ် စိကာခရိုင် ခါချာရီအာဝပ့်စ်ကျေးရွာ၌ ၁၉၂၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် မွေးဖွားခဲ့ပါသည်။

၁၉၅၂ ခုနှစ်တွင် ရာဂျာစ်သန်ပြည်နယ် လွှတ်တော်အဖွဲ့ဝင်ဖြစ်လာပြီး ၁၉၇၇ ခုနှစ်တွင် ရာဂျာစ်သန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခြင်းခံရပါသည်။ ရာဂျာစ်သန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်တာဝန်

စာမျက်နှာ ၉ ကော်လံ ၆ သို့ ☆

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရှိန်အဟုန် ပိုမိုတိုးတက်စေမည့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီး

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်းဆင်း ရှေခါဝပ် ခေါင်းဆောင်သည့် အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည် ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ တစ်ချိန်က ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့သော နိုင်ငံများဖြစ်ပြီး နယ်ချဲ့၏ကျူးကျော်မှုကို ရှုပ်ရှုပ်ချွချွ တွန်းလှန်ကာ နိုင်ငံကိုထူထောင်ခဲ့သည့် နိုင်ငံများဖြစ်သည်။ ရှေးပဝေသဏီကာလကတည်းက ယဉ်ကျေးမှု ထွန်းကားခဲ့ရာ နိုင်ငံများလည်းဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သော အစဉ်အလာများရှိခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး မူဝါဒနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ကြားခဲ့ရာ၌-

"တို့နိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးကိုပြောရရင် တို့နိုင်ငံဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့်အညီ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးကာ နိုင်ငံတကာနဲ့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့တယ်။ ဒါ့အပြင် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ချစ်ချစ်ခင်ခင် နေထိုင်ရင်းနဲ့ အချင်းချင်းပူးပေါင်းပြီး နှစ်ဦးနှစ်ဖက်အကျိုးတူ စီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်တဲ့ မူဝါဒသဘောထား ရှိခဲ့တယ်"

ဟု မိန့်ကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ကြားချက်နှင့်အညီ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးကာ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်ရေးမူကို စွဲမြဲစွာ လက်ကိုင်ထားခဲ့သည်။ ယခုအခါ တောင်အာရှဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခြင်းဖြစ်ရာ ဝမ်းမြောက်ဝမ်းသာ ကြိုဆို ဂုဏ်ပြုရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံဒုတိယသမ္မတသည် ၁၉၅၂ ခုနှစ်တွင် ရာဂျာစ်သန်ပြည်နယ် လွှတ်တော်အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ရာဂျာစ်သန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခြင်းခံရသူဖြစ်သည်။ ရာဂျာစ်သန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၂ ခုနှစ် အောက်တိုဘာလအထိ ရာဂျာစ်သန်ပြည်နယ်လွှတ်တော်တွင် အတိုက်အခံခေါင်းဆောင်ဖြစ်ခဲ့သည်။ ထို့နောက် ၂၀၀၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

လွန်ခဲ့သော အောက်တိုဘာလ ၈ ရက်နေ့က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း ဒန်ပါဆာမြို့၌ ကျင်းပသည့် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၌ အာဆီယံ-မြန်မာ-အိန္ဒိယနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်းများ ရရှိခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် သွားလာလည်ပတ်၍ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှေးယခင်ကတည်းကပင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရင်းနှီးကာ အပြန်အလှန်ဆက်ဆံမှုပြုခဲ့ပြီးဖြစ်သည့်အပြင် ယခုလာရောက်လည်ပတ်သည့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်ကို ပိုမိုတိုးတက်မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

နိုဝင်ဘာ ၁ရက်ကကျင်းပသော ဇဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၉) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် ဇနီးတို့က ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပထမအကြိမ် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်သည့် အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့ဆိုင်ရာ အစည်းအဝေးများကို အောက်တိုဘာ ၂၉ ရက်မှစတင်၍ ညောင်ဦးမြို့နယ် ပုဂံ၌ကျင်းပလျက်ရှိရာ အောက်တိုဘာ ၃၁ရက် နံနက် ၉ နာရီက ပုဂံ ဟိုတယ်၌ ပထမအကြိမ် အာဆီယံ-အိန္ဒိယခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး (The First ASEAN- India Tourism Consultations) ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အာဆီယံနိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များ၏ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးမှ ကိုယ်စားလှယ်များ၊ အိန္ဒိယနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Mr. Amitabh Kant နှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကား ပြောကြားသည်။ ထို့နောက် အာဆီယံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များ၏ ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Ambassador Vang Rattanavong နှင့် အိန္ဒိယနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Mr. Amitabh Kant တို့က အမှာစကား ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပထမအကြိမ် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေးအစည်းအဝေးကို ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထီးချိုင့် အထက ရွှေရတုသဘင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် ၂၇ရက်နှင့် ၂၈ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရွှေရတုအထိမ်းအမှတ် ကျောင်းဆောင်ဆောက်လုပ်ပြီး ဖြစ်၍ အမှတ်တရ မဂ္ဂဇင်း၊ ပြက္ခဒိန်နှင့် ပို့စကတ်များ ထုတ်ဝေရန် စီစဉ် ထားပြီးဖြစ်သည်။

ရွှေရတုအခမ်းအနားတွင် အသက် (၆၀)နှင့်အထက် ဆရာ၊ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုကြသူများ- ဦးစိန်ညွန့် ရန်ကုန် ဖုန်း-၀၉-၅၀၀၄၇၄၁၊ ၀၁-၆၆၆၄၅၀၊ ဦးမြမောင်(မြပွဲရုံ) မန္တလေး ဖုန်း- ၀၂-၃၉၃၈၄၊ ၀၂-၂၂၉၀၃၊ ဦးတင့်(နဝတ်) မန္တလေး ဖုန်း-၀၂-၆၄၃၀၉၊ ဦးချစ်ထွေး ကျောက်ဆည် ဖုန်း-၀၆၆-၅၀၃၁၃၊ ကျောင်းအုပ်ကြီး အထက ထီးချိုင့်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကထိန်သင်္ကန်းလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁

ရေကြည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းမိသားစု၏ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းလှူဒါန်းပွဲကို အသုတ်ဒေသကိုင်းချောင်စံပြကျေးရွာအုပ်စု တောကျွဲအိုင်ကျေးရွာ သာသနာ့တံခွန် ပရိယတ္တိစာသင်တိုက်တွင် အောက်တိုဘာ ၁၉ ရက်ကကျင်းပရာ အခမ်းအနားတွင် ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ(ပိဋကတ္တယပါရဂူ) ဆရာတော်ဘဒ္ဒန္တသုမ္မောစာရထံအလှူရှင်များက ကထိန်လျာသင်္ကန်းများ ကပ်လှူကြသည်။ **(ဝ၆၈)**

2-11 (2).p65 1 3/24/05, 6:50 PM

မင်္ဂလာဗျူဟာအသင်းသင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မစာပေ သင်တန်းအဖွဲ့ကကြီးမှူး၍ တန်ခိုးထက်မြက်သည့် ဥပါတသန္တိကျမ်း အသံထွက်မှန်စွာ ရွတ်ဖတ်နည်းနှင့် သဘောအနက်အဓိပ္ပာယ် ခြောက်ရက်သင်တန်းကို နိုဝင်ဘာ ၄ ရက်နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ (အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ) နေ့များတွင် ဖွင့်လှစ်မည်ဖြစ်ရာ ဆရာတော်အရှင်ဝါယမသာရ (မဟာဂန္ထဝါစကပဏ္ဍိတ၊ ဥဘတောဝိဘင်္ဂရေ၊ သာသနဓဇ ဓမ္မာစရိယ) M.A(Q) နှင့် ဆရာတော်အရှင်ပဏ္ဍိတ (မဟာဓမ္မာစရိယ) M.A(Bud;) တို့က သင်ကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA) သင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းညစာစားပွဲတက်ရောက်ချီးမြှင့်

ကြိုဆိုနှုတ်ဆက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ၂၀၀၁-၂၀၀၃ ပညာသင်နှစ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA) သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း ညစာစားပွဲတွင် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA) သင်တန်းအောင် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၁

ပညာရေးဝန်ကြီးဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ၂၀၀၁-၂၀၀၃ ပညာသင်နှစ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA) သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း ညစာစားပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Dusit Inya Lake Resort ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ ရရှိပြီးသူများ၊ သင်တန်းအောင် ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် (၂၁)ရာစုခေတ်သစ်သည် ပြောင်းလဲဖြစ်ပေါ်လာခဲ့သော ကုန်ထုတ်လုပ်မှုနည်းစဉ်များအရပြောမည်ဆိုလျှင် ပညာခေတ် (Knowledge Age) ဖြစ်သည်ကို ပညာရှင်များက လက်ခံထားကြကြောင်း၊ အသိဉာဏ်ကို ထုတ်လုပ်ပေးသောပညာရေးသည် ယခုအချိန်တွင် အရေးပါဆုံးကဏ္ဍဖြစ်လာကြောင်း၊ အနာဂတ်လူမှုဆက်ဆံရေးတစ်ခုလုံးသည် ပညာရေးကို ဗဟိုပြုလာသည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း၊ ပညာရေးသည် (၂၁)ရာစုအတွင်းတွင် မိမိနိုင်ငံကို အဆင့်မြင့်တင်ပေးနိုင်ရန် တစ်ခုတည်းသော အရေးကြီးဆုံးကဏ္ဍဖြစ်ကြောင်း၊ (၂၁)ရာစုတွင် ပညာရေးကို ရင်းနှီးမြှုပ်နှံပြီး ယှဉ်ပြိုင်နိုင်ရန် ကြိုးစားရမည့်အနေအထားဖြစ်ပါကြောင်း၊ ပညာရေးက ဆောင်ကြဉ်းပေးနိုင်သည့် အပိုင်းကို ကြည့်မည်ဆိုလျှင် နိုင်ငံ၏စီးပွားရေးဘဝကို မြင့်မားစေနိုင်ကြောင်း၊ လူမှုဆက်ဆံရေးများကို ညီညွတ်မျှတစေကြောင်း၊ ထို့ကြောင့် ပညာရေးသည် (၂၁)ရာစုအတွင်း၌ မိမိနိုင်ငံကို အဆင့်မြင့်ပေးနိုင်သည့် အရေးကြီးဆုံးသော ကဏ္ဍတစ်ခုဖြစ်သည်ဟု တစ်ကမ္ဘာလုံးကခံယူကြခြင်းဖြစ်ပါကြောင်း။

ကမ္ဘာကြီးသည် နည်းပညာ၊အတတ်ပညာ တိုးတက်ပြောင်းလဲမှုကြောင့် တစ်ဟုန်ထိုးပြောင်းလဲမှုများကို ရင်ဆိုင်နေရသည့်ကာလတွင် ကမ္ဘာ၏အစိတ်အပိုင်းတစ်ခုဖြစ်သော မိမိတို့နိုင်ငံသည်လည်း အဆင့်မြင့်အရည်အသွေးရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ၊ အမျိုးမျိုးသောပြောင်းလဲမှုနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရန်အတွက် မြန်မာ့လူ့အဖွဲ့အစည်းကို သင်ယူနေသော လူ့အဖွဲ့အစည်း(Learning Society)အဖြစ်ပြောင်းလဲရန် ရည်မှန်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ လုပ်သားအင်အားစုတစ်ခုလုံးကို သင်ယူနေသော အင်အားအဖြစ်နှင့် မြန်မာ့လူ့အဖွဲ့အစည်းကို ပညာလွှမ်းမိုးသော လူ့အဖွဲ့အစည်းဖြစ်ရန်အတွက် ပညာရေးအခွင့်အလမ်းများစွာဖွင့်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်တိုးတက်လာသည့် ခေတ်မီနည်းပညာများကိုသုံးပြီး ပညာရေးအကန့်အသတ်များကိုလျှော့ချခဲ့ကြောင်း၊ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတိုးချဲ့ပေးနိုင်ခဲ့ကြောင်း၊ ဘွဲ့ကြို၊ ဘွဲ့လွန် ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့အစီအစဉ်များ များစွာတိုးချဲ့နိုင်ခဲ့ကြောင်း၊ ဤသို့တိုးချဲ့ဖွင့်လှစ်ခဲ့သော အစီအစဉ်ထဲတွင် အမ်ဘီအေဘွဲ့လည်း အပါအဝင်ဖြစ်ပါကြောင်း၊ ယခင်ကဆိုလျှင် ဤသို့ဘွဲ့မျိုးရရှိရန်အတွက် နိုင်ငံခြားတွင် ငွေကြေးအကုန်အကျ များစွာခံပြီးမှ ရရှိနိုင်ပါကြောင်း၊ ယခုဆိုလျှင် မိမိနိုင်ငံ၊ မိမိဒေသမှာပင် အလုပ်အကိုင်မပျက် သက်သောင့်သက်သာနှင့် အမ်ဘီအေဘွဲ့ကို ကြိုးစားရယူနိုင်ပြီဖြစ်၍ ကာယကံရှင်များအတွက်ရော၊ နိုင်ငံတော်အတွက်ပါ များစွာအကျိုးရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထိုင်း၊ လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများ၏ လက်မှုထည်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများကိုလေ့လာရန် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း ခေါင်းဆောင်သောအဖွဲ့ဝင်သုံးဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ အောက်တိုဘာ ၃၁ ရက်က ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့်မထွက်ခွာမီ တွေ့ရစဉ်။ (က-ပ)

အမ်ဘီအေသင်တန်းများဖွင့်လှစ်ခဲ့သည့်ဖြစ်စဉ်ကို ပြန်ကြည့်လျှင် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ အမ်ဘီအေသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ၁၉၉၅ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာရပ်ကို စိတ်ပါဝင်စားသူတိုင်း ဥပမာ-ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ကွန်ပျူတာပညာရှင်များ၊ ဝိဇ္ဇာသိပ္ပံဘွဲ့ရပုဂ္ဂိုလ်များ၊ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ မည်သူမဆို သတ်မှတ်အရည်အချင်းပြည့်မီသူတိုင်း တက်ရောက်နိုင်ခွင့်ရရှိရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

အခြားထူးခြားချက်တစ်ရပ်မှာ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှစ၍ အလုပ်ခွင်မပျက် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ညနေပိုင်းအမ်ဘီအေသင်တန်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ရာ ယခုပညာသင်နှစ် ၂၀၀၃-၂၀၀၄ တွင် ဒုတိယအသုတ်ကို လက်ခံဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ ဤကဲ့သို့ နိုင်ငံတော်အစိုးရက အလေးအနက်ထားဖွင့်လှစ်ပေးခဲ့သည့် အမ်ဘီအေသင်တန်းများ အောင်မြင်ဖြစ်ထွန်းခဲ့သည်နှင့်အညီ ယခု သတ္တမသုတ် ဘွဲ့ရ ၅၇ ဦးအပါအဝင် ရန်ကုန်စီးပွားရေးတက္ကသိုလ်က အမ်ဘီအေဘွဲ့ရ ၃၂၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် လက်ရှိအဋ္ဌမနှင့် နဝမသုတ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

စွမ်းဆောင်နိုင်မှုအပေါ်မူတည်

ထို့အပြင် အထက်မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာရပ်ကို စိတ်ဝင်စားသူလူငယ်များအတွက်ရည်ရွယ်ပြီး မုံရွာစီးပွားရေးတက္ကသိုလ်၌လည်း အမ်ဘီအေသင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ပထမသုတ် ၂၄ ဦးနှင့် ဒုတိယသုတ် ၂၁ ဦး စုစုပေါင်း အမ်ဘီအေဘွဲ့သင်တန်းပြီးသူ ၄၅ ဦး ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ တတိယသုတ်နှင့် စတုတ္ထသုတ်သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း။

အမ်ဘီအေဘွဲ့ရများ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာရှင်များ တစ်နေ့တခြား တိုးပွားပေါ်ထွန်းလာနေသကဲ့သို့ အမ်ဘီအေဘွဲ့ရများအနေဖြင့် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပပုဂ္ဂလိကကုမ္ပဏီများ၊ ဘဏ်တိုက်များ၊ စီးပွားရေးလုပ်ငန်းကြီးများတွင် စီမံခန့်ခွဲသူများအဖြစ်နှင့် လုပ်ငန်းများအောင်အောင်မြင်မြင် နိုင်နိုင်နင်းနင်း တာဝန်ထမ်းဆောင်နေကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတည်ထောင်ပြီး လုပ်ကိုင်လျက်ရှိသူအများအပြားကိုလည်း တွေ့ရှိနိုင်ပါကြောင်း။

နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော အမ်ဘီအေဘွဲ့ရများအနေဖြင့် မိမိတို့လုပ်ငန်းဌာနများ အောင်မြင်စွာအကောင်အထည်ပေါ်လာရန်ဆောင်ရွက်ပေးခြင်းသည် အမိနိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ပိုမိုတောင့်တင်းခိုင်မာလာရန် မိမိတို့ကျွမ်းကျင်သော အတတ်ပညာနှင့် တစ်ဖက်တစ်လမ်းက စွမ်းဆောင်ပေးရာရောက်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံသားများ၏ မိမိတို့ကျွမ်းကျင်ရာ အတတ်ပညာနှင့် ကြိုးစားအားထုတ်မှု၊ စွမ်းဆောင်နိုင်မှုအပေါ်မှာသာ မူတည်နေသည်ဟု အခိုင်အမာယုံကြည်ထားပါကြောင်း။

ကြိုးပမ်းစွမ်းဆောင်

ဘွဲ့ရပညာရှင်များအနေဖြင့်လည်း နိုင်ငံတော်အတွင်း ခိုင်ခိုင်မာမာဖြစ်ထွန်းနေပြီဖြစ်သော စီးပွားရေးအခြေခံကောင်းများ ဆက်လက်တိုးတက်ဖြစ်ထွန်းစေရအောင်၊ အမျိုးသားစီးပွားရေးဘဝ စနစ်တကျနှင့် ပိုပိုပြင်ပြင်ဖွံ့ဖြိုးတိုးတက်စေရအောင် မိမိတို့တတ်သိကျွမ်းကျင်ရာ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာရပ်များကို အသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု ထပ်လောင်းမှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏အကျိုး ရှေးရှုသော အောင်မြင်သည့်စီးပွားရေးပညာရှင်များ၊ စွန့်စားတီထွင်စွမ်းဆောင်ရှင်များ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲသူများဖြစ်အောင် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်မာသောအမျိုးသားစီးပွားရေးဘဝတည်ဆောက်ရေးတို့တွင် မိမိတို့ကျွမ်းကျင်လိမ္မာရာပညာရပ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွားရပ်တည်နိုင်စေရေးအတွက် မြန်မာစီးပွားရေးကို မြန်မာ့စီးပွားရေးပညာရှင်များ၊ စွန့်စားတီထွင်စွမ်းဆောင်ရှင်များ၊ မြန်မာ့စီးပွားရေးစီမံခန့်ခွဲမှု ပညာရှင်များက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဦးကံဇော်က ကျေးဇူးတင်စကားပြောကြားပြီး MBA အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကား

ယင်းနောက် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ ရရှိကြသူများကိုယ်စား ကျောင်းသူ မစုဥာဏ်လင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဧည့်သည်တော်ကြီးများသည် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ရကျောင်းသားကျောင်းသူများနှင့်အတူ ဂုဏ်ပြုညစာကို သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

အီရတ်ကို ကျူးကျော်တိုက်ခိုက်ပြီးနောက် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ပိုများ စစ်ပွဲစသည်မှ လေးလအတွင်း အီရတ်လူမျိုး စုစုပေါင်း ၁၅၀၀၀ခန့် သေဆုံးခဲ့ရ

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

အီရတ်နိုင်ငံကို ကျူးကျော်ရေးစစ်ပွဲဆင်နွှဲစဉ်က သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်းထက် အီရတ်ကိုကျူးကျော်ပြီးနောက် ဆက်လက်ဖြစ်ပွားသော ခုခံဆန့်ကျင်ရေးတိုက်ခိုက်မှုများအတွင်း သေဆုံးရ သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်းက ပိုများပြားသွားပြီဟုဆိုသည်။ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ယမန်နေ့ ညပိုင်းက ဖြစ်ပွားသော တိုက်ခိုက်မှုများအတွင်း အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည်။

ဘဂ္ဂဒက်မြို့တော်၏ မြောက်ဘက် ၇၅ မိုင်အကွာရှိ လမ်းမပေါ်တွင် ထောင်ထားသော ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည့်အတွက် ယာဉ်တစ်စီး ထိမှန်သွားသည်။ ထိုယာဉ်ဖြင့် လိုက် ပါလာသူအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်ဟု စစ်ဘက်သတင်း များက ဆိုသည်။

သေဆုံး

အမေရိကန်သမ္မတ ဂျော့ဘုရှ်က မေ ၁ ရက်တွင် အီရတ်နိုင်ငံ၌ဖြစ်ပွားနေသော တိုက်ပွဲများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက်ပိုင်း ဆက်လက်ဖြစ်ပွားသော ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်၁၆ ဦး သေဆုံးခဲ့ရပြီဟု ဆိုသည်။ မတ်လ ၂၀ရက်က စတင်ဆင်နွှဲသော သီတင်းခြောက်ပတ်ကြာအီရတ်ပြည်သိမ်းတိုက်ပွဲများအတွင်း သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်စုစုပေါင်းမှာ ၁၁၅ ဦး ရှိကြောင်း အမေရိကန်တို့က ဆိုသည်။

ပါဝင်

အီရတ် ပြည်သိမ်းတိုက်ပွဲများအတွင်း အကြောင်းအမျိုးမျိုးကြောင့် သေဆုံးရသော အမေရိကန် တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၃၈ဦးရှိသည်။ ထိုသေဆုံးမှုအမျိုးအစားများတွင် ခုခံတိုက်ခိုက်မှုကြောင့် သေဆုံးခြင်း၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခြင်း၊ နာမကျန်းမှုကြောင့် သေဆုံးခြင်းနှင့် အခြားအကြောင်း ကြောင့်သေဆုံးခြင်းများ ပါဝင်သည်။

အီရတ်အရပ်သားများဖြစ်

အီရတ်စစ်ပွဲစတင်သည်မှ ပထမ လေးလပတ်ကာလအတွင်း သေဆုံးခဲ့ရသော အီရတ်လူမျိုး အရေအတွက် စုစုပေါင်းမှာ ၁၅၀၀၀ခန့် အထိရှိသည်။ ယင်းအနက် ၄၃၀၀မှာ အီရတ်အရပ်သားများဖြစ်သည်။

ခန့်မှန်း

ထိုကိန်းဂဏန်းများကို သီးခြားလွတ်လပ်သော အမေရိကန် ပညာရှင်အဖွဲ့ တစ်ဖွဲ့က လေ့လာပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စေတနာ့ ဝန်ထမ်းအဖွဲ့တစ်ဖွဲ့ဖြစ်သော ဗြိတိန်နှင့် အမေရိကန် ပညာရှင်အဖွဲ့တစ်ဖွဲ့တို့ကို တိုက်ပွဲများအတွင်း အသက်ဆုံးရှုံးရသော အရပ်သား စုစုပေါင်းမှာ ၅၀၀၀ မှ ၇၀၀၀အတွင်း ရှိမည်ဟု ခန့်မှန်းထားသည်။

(အင်တာနက်)

အောက်တိုဘာ ၃၁ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်တပ်ဖွဲ့များ၏ ဌာနချုပ်ရုံးအနီးတွင် သံသယဖြစ်ဖွယ် ကားတစ်စီးကို တွေ့ရှိခဲ့ရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက လမ်းကိုပိတ်၍ လုံခြုံရေး ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တိုက်ခိုက်ရေးသမားများ၏ခုခံတိုက်ခိုက်မှု အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီးတင့်ကားတစ်စီးပျက်စီး

ဘဂ္ဂဒက် အောက်တိုဘာ ၃၀

အီရတ်တော်လှန်ရေး တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြင့် အမေရိကန်တိုက်ခိုက်ရေးတင့်ကားပျက်စီးကာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးသွားပြီး ဘဂ္ဂဒက်မြို့တော်တောင်ဘက်တွင် နိုင်ငံစုံတပ်များကို ပထမဆုံးအကြိမ် ချုံခိုတိုက်ခိုက်ပြီးနောက် ယူကရိန်းအသေခံစုနစ်ဦး ဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၇၀ရှိ ဘာလင်မြို့အနီး ကင်းလှည့်စဉ် အေဘရမ်တင့်ကား လမ်းဘေးထောင်မိုင်းကိုအင်္ဂါနေ့ ညက တက်နင်းမိပြီး ပျက်စီးသွားကြောင်း အမှတ် (၄) ခြေလျင် တပ်မတော်မှ ဗိုလ်မှူးဂျိုစလင်းကပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ဒဏ်ရာရသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို ဂျာမနီရှိ အမေရိကန်စစ်ဆေးရုံသို့ ပို့လိုက်ရသည်ဟု ဗိုလ်မှူး ဂျိုစလင်းက ပြောဆိုသည်။

မေလ ၁ရက်နေ့ အီရတ်၌ အကြီးအကျယ်တိုက်ပွဲများပြီးဆုံးခဲ့ချိန်မှစပြီး ယခုကဲ့သို့အေဘရမ်တင့်ကား ထိခိုက် ပျက်စီးခြင်းမှာ ပထမဆုံးဖြစ်မည်ဟု ယူဆရသည်။ အီရတ်၌ တိုက်ပွဲကြီးများဖြစ်ပွားစဉ်က ဖြစ်တန်ရှိ အဆိုပါ တင့်ကားကြီးများအနက် တိုက်ပွဲအတွင်း သုံးလေးစီးသာ ပျက်စီးခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ၊ သိမ်းပိုက်ရေးတပ် အာဏာပိုင်များနှင့် လက်တွဲလုပ်ကိုင်နေသော အီရတ်များအား အီရတ် ခုခံတော်လှန်ရေးသမားများက ပစ်မှတ်ထား တိုက်ခိုက်လာခဲ့ရာတွင် ဘဂ္ဂဒက်မြို့တော်၌ ညဘက်တွင် စိန်ပြောင်းများဖြင့် ရန်သူခေါင်း မဖော်နိုင်အောင် ပစ်ခတ်တိုက်ခိုက်မှုအပါအဝင် နောက်ဆုံး တိုက်ခိုက်မှုများ ပြုလုပ်အပြီး ယခုတိုက်ခိုက်ခြင်းမှာ ပြင်းထန်သည့် တိုက်ခိုက်မှုဖြစ်သည်။ဘဂ္ဂဒက် ဒုတိယ မြို့တော်ဝန် ဖာရစ်အဗ္ဗဒူရာဇတ် အယ်အာဆတ်မှာ တနင်္ဂနွေနေ့က ပစ်သတ်ခံရကြောင်း အမေရိကန် အရာရှိများက ပြောဆိုသည်။

ဘဂ္ဂဒက်မြို့အရှေ့တောင်ဘက် ကီလိုမီတာ ၆၀ခန့်အကွာ ဆူဝေရာအနီးတွင် ယူကရိန်း တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့်စစ်သည်တင် သံချပ်ကာ ကားနှစ်စီး မိုင်းထိပြီးနောက် ရှေ့ဆက်မသွားနိုင်သည့်အခါတွင် မည်ယူမည်ဝါမသိသောသေနတ်သမားများက ဝိုင်းဝန်း ပစ်ခတ်ကြသည်ဟု ပြောရေးဆိုခွင့်ရှိသူများက ပြောဆိုသည်။

(အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်တွင် ဓာတ်ငွေ့ပေါက်ကွဲ အီရတ်တစ်ဦးထက်မနည်းသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

ဘဂ္ဂဒက်မြို့လယ်ကောင်တွင် ပေါက် ကွဲမှုတစ်ခု ကြာသပတေးနေ့က ဖြစ်ပွားခဲ့ရာ အီရတ်တစ်ဦးထက်မနည်းသေဆုံးပြီး အဆောက်အအုံအချို့ မီးလောင်သွားသည်။ ယင်း ပေါက်ကွဲမှုမှာ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

ထိုပေါက်ကွဲမှုကြောင့် ကြာသပတေးနေ့ ညနေပိုင်းတွင် ဘဂ္ဂဒက်မြို့ တစ်ခွင်၌ ပဲ့တင်ထပ်မျှမည်ဟီးတုန်ခါ သွားခဲ့သည်။

ထိုပေါက်ကွဲမှုကြောင့်သေဆုံးသူမှာ လက်ဖက်ရည်လက်ဖွေ့ရောင်းသူ တစ်ဦးဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူတို့က ပြောဆိုသည်။ ပေါက်ကွဲမှုကြောင့်ဒဏ်ရာရသူနှစ်ဦးထက်မနည်းကို ဒေသခံများက သယ်ယူသွားခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်တွင် ဗုံးခွဲမှုများဖြစ်ပွားနေသော်လည်း မည်သူ့လက်ချက်မှန်းမသိဖြစ်နေ

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

ဘဂ္ဂဒက်တွင် ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများ၏ နောက်ကွယ်တွင် မည်သူကကြိုးကိုင်နေသည်၊ ထိုတိုက်ခိုက်မှုများကို မည်သို့ဟန့်တားမည်ဆိုသော ပြဿနာများကိုရှင်းလင်းစွာ မသိရသေးဘဲဖြစ်နေသည်ဟု အေပီသတင်းဌာနကဖော်ပြသည်။ဩဂုတ်လအတွင်းက ဘဂ္ဂဒက် မြို့ရှိ ဂျော်ဒန်သံရုံးတွင် ပထမဆုံး ဗုံးပေါက်ကွဲခဲ့သည်။ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားလာရာ ၁၂ ကြိမ် ရှိခဲ့ပြီဖြစ်သည်။

ယခုသုံးလတာအချိန်များ ကုန်ခဲ့ပြီဖြစ်သော်လည်း ထိုဗုံး ပေါက်ကွဲမှုများကို ရပ်ဆိုင်းသွားအောင် အမေရိကန် ကျူးကျော်သိမ်းပိုက်သူများက မဆောင်ရွက်နိုင်ဘဲ ဖြစ်နေကြသည်ဟုဆိုသည်။အီရတ်မြို့တော်ဘဂ္ဂဒက်တွင် မကြာသေးမီအချိန်က နောက်ဆုံးဗုံးခွဲတိုက်ခိုက်မှုများ တစ်သီကြီးဖြစ်ပွားခဲ့သည်။ ထိုအဖြစ်အပျက်သည် ၄၅ မိနစ်တာအချိန်အတွင်း ဆက်တိုက်ပေါက်ကွဲစေရန် ချိန်ကိုက်စီစဉ်ထားသောတိုက်ခိုက်မှုပင်ဖြစ်သည်ဟုဆိုသည်။

အမေရိကန် အရာရှိအချို့က ယခုဗုံးခွဲမှုများသည် ဆက်ဒမ်အပေါ် သစ္စာခံသူများ၏လက်ချက်ဖြစ်သည်။ ဟု မြန်ဆန်စွာပင်အပြစ်ဖို့ခဲ့ကြသည်။ အချို့အရာရှိကများမှ ယခုလုပ်ရပ်သည် အီရတ်သို့ဝင်ရောက်လာကြသောနိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ၏လက်ချက်ဖြစ်သည်ဟု ဆိုကြသည်။ ထိုပေါက်ကွဲမှုများသည် မည်သူ၏လက်ချက်ဖြစ်သည်ကို ထုတ်ဖော်ကြေညာခြင်းမရှိသကဲ့သို့ တစ်စုံတစ်ရာ တောင်းဆိုသော ကြေညာချက်လည်း ထွက်ပေါ်လာခြင်းမရှိခဲ့ပေ။

(အင်တာနက်)

အောက်တိုဘာ ၃၁ ရက်က ဘဂ္ဂဒက်ဆင်ခြေဖုံးရှိ အဘူဂျာဟက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တို့ ရန်းရင်းဆန်ခတ်ဖြစ်ပွားပြီးနောက် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ကို အမေရိကန်တို့တိုက်စဉ် ဆွေမျိုးများ သေဆုံးရမှု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနအား အီရတ်မိသားစု တရားစွဲမည်

လန်ဒန် အောက်တိုဘာ ၃၀

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှု၌ ဆွေမျိုး ၁၀ ဦး အသက်ဆုံးရှုံးခဲ့ရပြီးနောက် ဗြိတိန်နိုင်ငံ၌ နေထိုင်လျက်ရှိကြသည့် အီရတ်မိသားစု တစ်စုက ကာကွယ်ရေးဝန်ကြီးဌာနကို တရားစွဲဆိုရန် စဉ်းစားလျက်ရှိသည်။

ဟာမူးဒီမိသားစု မျိုးဆက်သုံးဦးသည် ဘာဆာရာရှိ ၎င်းတို့၏ နေအိမ်ကိုဧပြီ ၅ ရက်၌ ပူးပေါင်းတပ်များက ဗုံးကြဲတိုက်ခိုက်ချိန်တွင် သေဆုံးခဲ့ကြရသည်။ ၎င်းတို့၏နေအိမ်ကို ဆက်ဒမ်ဟူစိန်၏ ညီအစ်ကိုဝမ်းကွဲတော်စပ်ပြီး ထိပ်တန်းလူယုံတော်ဖြစ်သူ အလီဟက်ဆန်အယ်လ်မဂျစ် (ဓာတုအလီ)၏ အိမ်အထင်ဖြင့်ပူးပေါင်းတပ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု မိသားစုရှေ့နေက ပြောကြားသည်။

မာဇင်ဟာမူးဒီမှာ လွန်ခဲ့သည့် ၂၇ နှစ်၌ အီရတ်မှ ထွက်ခွာခဲ့ပြီး အင်္ဂလန်အနောက်မြောက်ဘက် ဆော်လ်ဖို့ဒ်၌ နေထိုင်ခဲ့သည်။ ဗုံးကြဲတိုက်ခိုက်ခြင်းခံရသဖြင့်သူ၏ မိခင်၊ ညီမနှင့် တူ၊ တူမများ သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

အီရတ်ရှိ နိုင်ငံခြားသားကြက်ခြေနီအမှုထမ်းများ မည်သို့ လျှော့ချသွားမည်ကို ဆွေးနွေးမည်

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

ဘဂ္ဂဒက်တွင်ရှိသော ကြက်ခြေနီရုံးချုပ် အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်ခြင်း ခံခဲ့ရပြီးနောက် နိုင်ငံခြားသားများ၊ အမှုထမ်းများကို မည်သို့လျှော့ချသွားမည်ကို အီရတ်တွင်ရှိသော ကြက်ခြေနီအရာရှိများသည် ဆွစ်အခြေစိုက် ကြက်ခြေနီအရာရှိများနှင့် နိုင်ငံအပြင်ဘက်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်ဟု ပြောရေးဆိုခွင့် ရှိသူ အမျိုးသမီးက ကြာသပတေးနေ့၌ ပြောကြားသည်။

နိုင်ငံတကာဆိုင်ရာ အမှုထမ်း ၃၀ခန့်၏ အချို့ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့၌ နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာစီ)က ဆုံးဖြတ်ခဲ့သော်လည်း သောကဖြစ်စေသော ယင်းအကျပ်အတည်းကို ဖြေရှင်းရန်အကောင်းဆုံးမှာ အီရတ်၌ဆောင်ရွက်မြဲဆောင်ရွက်သွားခြင်းပင်ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ နာဒါဒူမာနီက ပြောကြားသည်။

နိုင်ငံခြားသား အမှုထမ်းများ မည်သို့လျှော့ချရေးကိစ္စကို မည်သည့်နေရာ၌ ဆွေးနွေးမည်။ သီတင်းပတ်ကုန်ပိုင်းအထိ ဆွေးနွေးမည်ဆိုခြင်းကိုမူ ၎င်းကပြောဆိုခြင်းမရှိချေ။

ဂျီနီဗာအခြေစိုက် အိုင်စီအာစီသည် ယင်း၏ပြည်တွင်းအမှုထမ်းနှင့် နိုင်ငံခြားသားအမှုထမ်း ၆၀၀ကို အီရတ်၌ ထားမြဲထားရေးအတွက် လုံခြုံရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်သွားရန် စဉ်းစားမည်ဟု ဒူမာနီက ပြောဆိုသည်။

အိုင်စီအာစီသည် ၁၉၈၀ပြည့်နှစ်မှစပြီး အီရတ်၌ဆက်တိုက်ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

တိုက်ပွဲဖြစ်စဉ်

ဘဂ္ဂဒက်မြို့ အဘူဂျာဟက်ဆင်ခြေဖုံး၌ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ တပ်ဖြန့်နေမှုကို တွေ့ရစဉ်။

(ယင်းတိုက်ခိုက်မှုတွင် အီရတ်လေးဦးသေပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြန်လည်တည်ဆောက်ရေး အလှူရှင်တို့ အာမခံသော ဒေါ်လာ ၃၃ ဘီလီယံ နွမ်းပါးမှုနှင့် အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးငွေထက် ၁၀ဆ မကများပြား

ကုလသမဂ္ဂ အောက်တိုဘာ ၂၉

အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် အလှူရှင်နိုင်ငံများက အာမခံသော ဒေါ်လာဘီလီယံများစွာ အကူအညီသည် ဆင်းရဲနွမ်းပါးမှုနှင့် အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအတွက် ၎င်းတို့ထည့်ဝင်လှူဒါန်းငွေနှင့် နှိုင်းယှဉ်လျှင် အချိုးအစားအားဖြင့် မညီမျှကြောင်း ဖွံ့ဖြိုးမှုနှင့် အေအိုင်ဒီအက်စ်ဆိုင်ရာ အရာရှိများက ပြောဆိုကြသည်။

၁၀ ဆမက

အမေရိကန်ပြည်ထောင်စုမှပေးသော ဒေါ်လာဘီလီယံ ၂၀ အပါအဝင် လာမည့် လေးနှစ်တွင်အီရတ်အတွက် ပေးမည့်ဒေါ်လာ ၃၃ ဘီလီယံသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံများအားလုံးအတွက် ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရန်ပုံငွေထက် ၁၀ ဆမက ဖြစ်သည်။

ထို့ပြင် ထိုပမာဏသည် နှစ်စဉ် လူသန်းများစွာသေဆုံးသော အေအိုင်ဒီအက်စ်၊ အဆုတ်ရောဂါနှင့် ငှက်ဖျားရောဂါများကို နှိမ်နင်းရန်အတွက် ကမ္ဘာ့ငွေကြေးရန်ပုံငွေသို့ ပေးမည်ဆိုသော အာမခံထားသည့် ငွေပမာဏထက်လည်း ၁၀ ဆနီးပါးမျှရှိသည်။

ဝမ်းနည်းဖွယ်

အီရတ်နိုင်ငံအကျပ်အတည်းဖြစ်နေပြီး အီရတ်လူမျိုးအများအပြားသည် ဝမ်းနည်းဖွယ်ကောင်းစွာ သေဆုံးနေကြရသည်ဆိုခြင်းကို မိမိမငြင်းသော်လည်း အေအိုင်ဒီအက်စ်ကြောင့် နှစ်စဉ်အာဖရိကတိုက်သား နှစ်သန်းကျော်သေဆုံးနေရပြီး ၎င်းတို့၏ဆင်းရဲနွမ်းပါးမှုသည် ပို၍ဆိုးရွားနေသည်ဆိုခြင်းကို မိမိထောက်ပြခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အာဖရိကရှိ အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးသံတမန်စတီပင်လူးဝစ်က ပြောကြားသည်။

အနည်းငယ်လို

ကမ္ဘာ့အနှံ့အပြားတွင် အိပ်ချ်အိုင်ဗွီ ကူးစက်သူ ၄၂ သန်းထက် မနည်းရှိရာတွင် ၂၈ သန်းကျော်မှာ ဆာဟာရ အာဖရိကဒေသခွဲမှဖြစ်ပြီး လူသန်း ၂၀ ကျော် သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့အဆိုအရ သိရသည်။

သို့ရာတွင် ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့က ၂၀၀၅ ခုနှစ်ထိ ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံခန့် ကတိပြုထားရာ လိုအပ်သည်ထက် ဒေါ်လာဘီလီယံ အနည်းငယ်လိုအပ်သည်ဟု လူးဝစ်ကပြောဆိုသည်။ **(အင်တာနက်)**

ဗီဇာလိုအပ်ချက် စင်ကာပူလျှော့ပေးမည်

စင်ကာပူ အောက်တိုဘာ ၃၁

စင်ကာပူနိုင်ငံသို့ လာရောက်မည့် ဧည့်သည်များအတွက် ဗီဇာလိုအပ်ချက်များကို လျှော့ပေါ့ပေးသွားမည်ဟု စင်ကာပူ ဒုတိယဝန်ကြီးချုပ် လီရှိန်လွန်းက ကြာသပတေးနေ့တွင် ပြောကြားသည်။

ကြာသပတေးနေ့ ညနေက ပြုလုပ်သော ကမ္ဘာလုံးဆိုင်ရာ တရုတ် စီးပွားရေးလုပ်ငန်းရှင်များ ဖိုရမ်၏ ညစာစားပွဲတွင် စင်ကာပူ ဒုတိယဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးစခန်း အာဏာပိုင်အဖွဲ့(အိုင်စီအေ)၏ သတင်းထုတ်ပြန်ချက်အရ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁ရက်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လွတ်လပ်သော ဓနသဟာယနိုင်ငံများ (စီအိုင်အက်စ်)တို့မှ သံတမန်၊ ရုံး၊ ဝန်ဆောင်မှု သို့မဟုတ် ပြည်သူ့ရေးရာ နိုင်ငံကူးလက်မှတ်များ ကိုင်ဆောင်ထားကြသူများအား ရက် ၃၀ထက် မပိုဘဲ စင်ကာပူ၌နေထိုင်မည်ဆိုလျှင် ဗီဇာလိုအပ်ချက်များကို ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အီရတ်ကိစ္စမှာ ကျူးကျော်သိမ်းပိုက်မှုသာဖြစ်

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

အီရတ်နိုင်ငံ၌ ဖြစ်ပွားနေသော အခြေအနေများနှင့် ပတ်သက်ပြီး အာရပ်မီဒီယာများမှလည်း ထုတ်လွှင့်လျက်ရှိရာ အဘူဒါဘီရုပ်သံမှ တာဝန်ရှိပုဂ္ဂိုလ်များ မေးမြန်းရာတွင် အီရတ်နိုင်ငံတွင်း ဖြစ်ပျက်နေသည့် ဖြစ်ရပ်များသည် ပိုမိုရှုပ်ထွေးလျက်ရှိကြောင်း၊ ဘဂ္ဂဒက်တွင် နောက်ဆုံးဖြစ်ပွားသော ဖြစ်ရပ်များကို သတင်းယူရာ၌လည်း ပိုမိုခက်ခဲလာကြောင်း၊ အဘူဒါဘီရုပ်သံအနေဖြင့် အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်မှုများသာမက အခြားဖြစ်ရပ်များကိုလည်း ထုတ်လွှင့်ကြောင်း ပြောကြားခဲ့သည်။

အာရပ်ရုပ်သံနှင့် အနောက်တိုင်း ရုပ်သံတို့အကြား အဓိကကွဲပြားချက်ဖြစ်သော အာရပ်တို့က အမေရိကန်တို့အား ကျူးကျော်သူများ၊ အီရတ်တို့အား အသိမ်းပိုက်ခံရသူများဟု အမည်တပ်ပြောဆိုနေခြင်းအပေါ် မေးမြန်းရာ အဘူဒါဘီရုပ်သံအပြင် အခြားရုပ်သံဌာနများသည် အခြေအနေကို ဖြစ်ပျက်နေသည့်အတိုင်း ကြိုးစားဖော်ပြနေကြောင်း၊ အီရတ်ကိစ္စမှာ ကျူးကျော်သိမ်းပိုက်မှုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

အောက်တိုဘာ ၃၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားနေစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက အခြေအနေကို လေ့လာအကဲခတ်နေကြစဉ်။

(ယင်းပေါက်ကွဲမှုမှာ အမေရိကန်တို့ ခန့်ထားသည့် အုပ်ချုပ်ရေးမှူးရုံး၌ ဖြစ်သည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်သူများအတွက် ကြက်ခြေနီဆက်ရှိနေမည်

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

ဘဂ္ဂဒက်မြို့မှ ဝန်ထမ်းများကို ယာယီရုပ်သိမ်းမည်ဖြစ်ကြောင်း ကုလသမဂ္ဂကပြောကြားခဲ့ပြီး၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့က ၎င်း၏နိုင်ငံခြားဝန်ထမ်းများအားလုံးကို အီရတ်မြို့တော်မှ ပြန်ခေါ်မည်ဖြစ်သော်လည်း အီရတ်ပြည်သူများအတွက် ကြက်ခြေနီအဖွဲ့ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကြက်ခြေနီဝန်ထမ်းများသည် ဘဂ္ဂဒက်မြို့မှ ကြာသပတေးနေ့တွင်စတင်ထွက်ခွာမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဘဂ္ဂဒက်မြို့ရှိ ကြက်ခြေနီ အဖွဲ့ရုံးချုပ်ကို တနင်္လာနေ့က ဗုံးခွဲတိုက်ခိုက်မှုခံရပြီးနောက် ယခုကဲ့သို့ ဝန်ထမ်းများကို ရုပ်သိမ်းခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ ၁၂ဦး သေဆုံးခဲ့သည်။

(စီအင်န်အင်န်)

အီရတ်၌ စစ်ဆင်ရေးစတင်ခဲ့သည်မှစ၍ သေဆုံးတပ်ဖွဲ့ဝင်ဦးရေ
အမေရိကန် ၃၆၀ ဦး၊ ဗြိတိသျှ ၅၀ နှင့် ဒိန်းမတ်၊ စပိန်နှင့် ယူကရိန်းတစ်ဦးစီသေဆုံး

ဝါရှင်တန် အောက်တိုဘာ ၃၁

အောက်တိုဘာ ၃၁ ရက် သောကြာနေ့ရောက်ချိန်တွင် အီရတ်၌ စစ်ဆင်ရေးစတင်ခဲ့ချိန်မှစပြီး သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၃၆၀ ဦးရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနအရ သိရသည်။

ပြောကြား

မေ ၁ ရက် သို့မဟုတ် မေ ၁ ရက်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၂၂ ဦးရှိသည်။ ရန်လိုတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၁၇၅၇ ဦးဖြစ်ပြီး ရန်လိုတိုက်ခိုက်မှုမဟုတ်ဘဲ ဒဏ်ရာရသူ ၃၃၉ ဦး ဖြစ်ကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ပြောကြားသည်။

သေဆုံး

အီရတ်၌ စစ်ဆင်ရေးစတင်ခဲ့ချိန်မှစပြီး ဗြိတိသျှတပ်ဖွဲ့ဝင် ၅၀ဦး သေဆုံးကြောင်း ဗြိတိသျှစစ်ဘက်က ပြောကြားပြီး ဒိန်းမတ်၊ စပိန်နှင့် ယူကရိန်းတို့လည်း တစ်ဦးစီသေဆုံးခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**



အောက်တိုဘာ ၃၁ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂ ဌာနချုပ်ရုံးအဝင်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်အမျိုးသမီးတစ်ဦးကို စစ်ဆေးရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နှင့် အာဖဂန်၌ လုပ်ကိုင်နေကြသော ကန်ထရိုက်လုပ်ငန်းများ ဘုရှ်နှင့် ရီပတ်ဘလီကန်ပါတီသို့ ငွေကြေးများစွာ ထောက်ပူခဲ့ လာဘ်စားမှု၊ ဘက်လိုက်မှု ပြည်သူ့အကျိုးစီးပွားအဖွဲ့က တွေ့ရှိချက်ထုတ်ပြန်

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

အီရတ်နှင့် အာဖဂန်နိုင်ငံများတွင် ဒေါ်လာ သန်းထောင်နှင့် ချီ၍ တန်သော ကန်ထရိုက်လုပ်ငန်းများကို ရယူလုပ်ကိုင်နေကြသော အမေရိကန်လုပ်ငန်းအများ အပြားသည် အမေရိကန်သမ္မတဘုရှ်နှင့် ၎င်း၏ ရီပတ်ဘလီကန်ပါတီသို့ ငွေကြေးအထောက်အကူကြီးစွာပေးခဲ့ကြသော ကုမ္ပဏီများဖြစ်ကြသည်ဟုဆို သည်။ ထို့အပြင် ၎င်းကုမ္ပဏီများသည် နိုင်ငံရေးနှင့် စစ်ဘက်မှသြဇာအာဏာကြီးမားသူများကို ကုမ္ပဏီများ၏ ဘုတ်အဖွဲ့ဝင်များအဖြစ် တာဝန်ယူလုပ်ကိုင်စေ သည် ဆိုသော သတင်းများ ပြီးခဲ့သော ကြာသပတေးနေ့က ထွက်လာသည်။

လာဘ်စားမှု အခြေအနေ၊ ဘက်လိုက်မျက်နှာသာပေးမှု အခြေအနေစသည့်များကို စောင့်ကြည့်လေ့လာနေသော ပြည်သူ့အကျိုးစီးပွား စောင့်ကြည့်ရေး အဖွဲ့က အထက်ပါတွေ့ရှိချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီများနှင့်တစ်သီးပုဂ္ဂလလုပ်ငန်း ၇၀ တို့သည် အာဖဂန်နှင့်အီရတ်နိုင်ငံများတွင် ကန်ထရိုက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုကန်ထရိုက်လုပ်ငန်းများ၏ တန်ဖိုးစုစုပေါင်းမှာ အမေရိကန် ဒေါ်လာသန်း ၈၀၀၀ ဖိုးမျှရှိသည်။ ထိုကန်ထရိုက်များအနက်အများစုသည် အမေရိကန်သမ္မတဘုရှ် သမ္မတ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စဉ်က စရိတ်ငွေများပါဝင်လှူဒါန်းခဲ့ကြသည်ဟုဆိုသည်။

အီရတ်နှင့် အာဖဂန်နိုင်ငံများတွင် ကန်ထရိုက်လုပ်ငန်းများ ချပေးရာ၌ နိုင်ငံရေးအရ မျက်နှာသာပေးမှုနှင့် ခင်ရာမင်ရာ လက်သင့်ရာစားတော်ခေါ်မှုများ ရှိသည်ဟု ပြည်သူ့လုပ်ငန်းများအကျင့်ပျက်မှု ရှိမရှိစိစစ်လေ့လာသောအဖွဲ့မှ အမှုဆောင်ဒါရိုက်တာများလူဝစ်ကပြောသည်။

ကန်ထရိုက်ရရှိထားသော ကုမ္ပဏီများက နိုင်ငံရေးပါတီများ၊ ကော်မတီများနှင့် အမတ်လောင်းများသို့ ပေးကမ်းသောလှူဒါန်းငွေများကို၁၉၉၀ ပြည့်နှစ်မှစ၍ တွက်ချက်ကြည့်လျှင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၄၉ သန်းမျှရှိကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ရီပတ်ဘလီကန်ပါတီ ကော်မတီသည် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇ သန်းကို ရရှိပြီး ဒီမိုကရက်တစ်များက လှူဒါန်းငွေ ၇ ဒသမ ၁ သန်းကို ရရှိကြသည်ဟုဆိုသည်။

အီရတ်နှင့်အာဖဂန်တွင် ကန်ထရိုက်လုပ်ငန်းရရှိထားကြသော ကုမ္ပဏီ ၇၀ အနက် ကုမ္ပဏီ ၁၄ ခုတို့မှာ နှစ်နိုင်ငံစလုံးတွင် ကန်ထရိုက်လုပ်ခွင့်များရရှိထားကြသည်ကို တွေ့ရသည်။ ၎င်းကုမ္ပဏီ ၁၄ ခုတို့မှ နိုင်ငံရေးအရ ထည့်ဝင်သော အလှူငွေအစုစုမှာ အမေရိကန် ဒေါ်လာ ၂၄ သန်းရှိပြီး ၎င်းကုမ္ပဏီများအနက် ၁၃ ခုမှာ အေဂျင်စီများနှင့် အစိုးရဌာနများမှ ဝန်ထမ်းဟောင်းများကို ဝန်ထမ်းများ အဖြစ် ခန့်ထားကြသည်ဟုဆိုသည်။

(အင်တာနက်)

အီရတ်လုံခြုံရေးမတည်ငြိမ်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေမှု ဝန်ကြီးချုပ် တိုနီဘလဲနှင့် သမ္မတ ဘုရှ်တို့၏ မူဝါဒများကို ဖိအားပေးခံနေရ

ဝါရှင်တန် အောက်တိုဘာ ၃၁

အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေမတည်ငြိမ်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းကြောင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲနှင့် အမေရိကန် သမ္မတ ဘုရှ် တို့သည် ၎င်းတို့၏ မူဝါဒများနှင့် ပတ်သက်ပြီး ဖိအားပေးခံနေရသည်။

သမ္မတဘုရှ်က အီရတ် တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး ယခင်သမ္မတ ဆက်ဒမ်ဟူစိန်၏ ဘာ့သ်ပါတီဝင်များနှင့် နိုင်ငံရပ်ခြားမှ အကြမ်းဖက် သမားများပေါ် အပြစ်ပုံချပြောကြားလျက်ရှိသည်။ သို့ရာတွင် အမေရိကန် လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဘော့ပ်ဂရေဟမ်က အီရတ်ပြည်သူသို့ အချုပ်အခြာအာဏာ၊ လုံခြုံရေးတာဝန်နှင့် အစိုးရတစ်ရပ်ဖွဲ့စည်းမှုတို့ကို အလျင်အမြန်လွှဲပြောင်းပေးသင့်ကြောင်း၊ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများ ထံသို့လည်း အကူအညီတောင်းခံသင့် ကြောင်း အီရတ်နှင့် ကာလကြာရှည် ဆက်ဆံရေး ရှိခဲ့သော ရုရှားနှင့် အခြားစွမ်းဆောင် ရည်ရှိသည့် နိုင်ငံများထံမှ အကူအညီ ရရှိရန် အမေရိကန်တို့ ရရှိထားသော အာဏာအချို့ကို ခွဲဝေပေးအပ်ရန်လို ကြောင်း ထောက်ပြပြောကြားခဲ့သည်။ စီအင်န်အင်န် ယူအက်စ် တူးဒေးဂေါလ်အပ် စစ်တမ်းအရ အီရတ်နိုင်ငံရေးကိစ္စ၌ အမေရိ ကန်သမ္မတဘုရှ်၏ ကိုင်တွယ်ဖြေရှင်းမှုအပေါ် ထောက်ခံမှုရာခိုင်နှုန်းသည် ဧပြီလအတွင်းက ၈၀ရာခိုင်နှုန်းရှိခဲ့ရာ ယခုအခါ ၄၇ရာခိုင်နှုန်း သို့ ထိုးကျသွားကြောင်း သိရသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အောက်တိုဘာ ၃၁ ရက်က ဘဂ္ဂဒက်မြို့ အဘူဂျာဟက် ဆင်ခြေဖုံး၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တို့ တိုက်နိုက်မှုဖြစ်ပွားပြီးနောက် အီရတ်တို့ စုရုံးရောက်ရှိလာကြစဉ်။

(ယင်းကဲ့သို့ တိုက်ခိုက်မှု ဖြစ်ပွားလာရခြင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များက ဈေးဆိုင်ငယ်များကို ပိတ်ထားပြီး လမ်းတစ်လမ်းကိုဖွင့်ရန် ကြိုးပမ်းစဉ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အောက်တိုဘာ ၃၀ရက်က ပေါက်ကွဲမှုများဖြစ်ပွား ရထားမီးလောင်၊ တပ်ဖွဲ့ဝင်တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

ပေါက်ကွဲမှုများသည် အီရတ်နိုင်ငံမှနေ၍ နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများ ဆက်လက်ပြီး အပြုံလိုက်ထွက်ခွာသွားကြပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အီရတ်စစ်ပြီးကာလ တွင် အကြမ်းဖက်မှုအဆင့်သစ်ပေါ်ပေါက်လာစရာရှိကြောင်း သတိပေးချိန်တွင် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ဘဂ္ဂဒက်မြို့၏ အိုးလ်ဒ်ကွာတာ၌ ပန်းချီကားချပ်အရောင်းဆိုင်နံဘေး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးပြီး မီးလောင်ကျွမ်းခဲ့သည်။ သေဆုံးသွားသူများတွင် လက်ပွေ့လက်ဖက်ရည်ရောင်းသူ တစ်ဦးပါကြောင်းရဲနှင့် မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။ ထိုပေါက်ကွဲမှုကြောင့် လူလေးဦးထက်မနည်းလည်း ဒဏ်ရာရခဲ့သည်။

ပေါက်ကွဲမှုသည် တီအင်တီယမ်းထုပ် သေတ္တာဖြစ်နိုင်ဖွယ်ရှိသော ပေါက်ကွဲစေသည့် ကိရိယာပေါက်ကွဲခြင်းဖြစ်ကြောင်း အီရတ်ရဲအရာရှိတစ်ဦးက ပြောကြားသော်လည်း အဆောက်အအုံအတွင်း၌ ပေါက်ကွဲခဲ့သော ပရိုပိန်းကန်ဖြစ်နိုင်ချေရှိမှုကို စုံစမ်းနေကြောင်း ပြောဆိုသည်။

ထို့နောက် သိပ်မကြာမီအချိန်၌ အမေရိကန်စစ်ရဲကင်းလှည့်တပ်ဖွဲ့အနီး ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရခဲ့သည်။ ထို့ပြင် ဘဂ္ဂဒက်မြို့စွန်း၌ ရဲစခန်းအတွင်းသို့ လက်ပစ်ဗုံးပစ်သွင်းရန် ကြိုးပမ်းသော မော်တော်ယာဉ်မောင်းသူတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲက ပြောဆိုသည်။

ထိုအတောအတွင်း ဆက်ဒမ်၏ ဘာ့သ်ပါတီထံမှဟုဆိုသော လက်ကမ်းစာစောင်များဘဂ္ဂဒက်မြို့တွင် ပေါ်ထွက်လာခဲ့ရာ စနေနေ့က စပြီး အထွေထွေသပိတ်ကြီး သုံးရက် ဆင်နွှဲရန် တိုက်တွန်းထားသည်။

ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာအနီး၌ စစ်ဘက်ရိက္ခာများတင်ဆောင်လာသော ကုန်ရထားဗုံးပေါက်ကွဲသဖြင့် တွဲလေးတွဲ မီးလောင်သွားခဲ့သည်။

မိုဆိုးလ်တွင် ကြာသပတေးနေ့ အစောပိုင်း၌ အမေရိကန်စစ်ယာဉ်တန်းအနီး၌ ဗုံးပေါက်ကွဲသဖြင့် အမှတ် (၁၀၁) လေကြောင်းချီတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရခဲ့သည်။

(အင်တာနက်)

ဥရောပနှင့်အာရှကြား ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး အာရှရင်းနှီးမြှုပ်နှံမှု ဖိုရမ် ၂၀၀၃က ခိုင်မာစေမည်

ဟနွိုင်း အောက်တိုဘာ ၃၁

အာရှရင်းနှီးမြှုပ်နှံမှု ဖိုရမ် ၂၀၀၃ သည် ဥရောပနှင့် အာရှကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းကို ခိုင်မာစေမည်ဖြစ်သည့်ပြင် တိုက်နှစ် တိုက်အတွင်းရှိ နိုင်ငံများ၏ မဟာ စီးပွားရေးမူဝါဒများ စင်းလုံးချောဖြစ်မှု ကို အရှိန်မြှင့်ပေးမည်ဖြစ်သည်ဟု အဆင့်မြင့်ဗီယက်နမ်အရာရှိတစ်ဦးက ကြာသပတေးနေ့က ပြောကြားလိုက် သည်။

ဟိုချီမင်းမြို့တော်၌ အာရှရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၀၃ ဖွင့်ပွဲကျင်းပရာတွင် ဗီယက်နမ်နိုင်ငံ၏ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနဒုတိယဝန်ကြီး ငုယင်ဘစ်ချ်ဒက်က ယင်းသို့ မှတ်ချက်ပေးပြောဆိုလိုက်ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံရှိ ဥရောပကုန်သည်ကြီးများအသင်းက စီစဉ်ကျင်းပသော နှစ်ရက်ကြာဖိုရမ်သည် လုပ်ငန်းများဆက်စပ်ရာတွင် လည်းကောင်း၊ နည်းပညာအကူအညီပေးရာ တွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရာ တွင်လည်းကောင်း ဥရောပသမဂ္ဂ (အီးယူ)နှင့် အာရှရှိ ပုဂ္ဂလိက ကဏ္ဍများကြားပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန် တိုးမြှင့် စေဖွယ်ရှိသည်။

ဗီယက်နမ်နိုင်ငံသည် ပြည်တွင်း နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ခွဲခြားသတ်မှတ်မှုကို ဖယ်ရှားပစ်လျက်ရှိပြီးလာမည့်နှစ်အနည်းငယ်တွင် ရင်းနှီးမြှုပ်နှံသူများအတွက် တန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ ဘုံမူဝါဒတစ်ရပ်ကို စတင်ကျင့်သုံးသွားမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ

2-11 (6).p65 1 3/24/05, 6:50 PM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၌ ငွေကျပ် သိန်း ၄၅၀ ကျော်နှင့် သံဃာတော်အပါး ၅၀၀ တို့အား ဆွမ်း၊သင်္ကန်းနှင့် နဝကမ္မ ဆက်ကပ်လှူဒါန်းပွဲတွင် ဥက္ကဋ္ဌ ဆရာတော်ကြီး၏ကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၌ ငွေကျပ် သိန်း ၄၅၀ ကျော်နှင့် သံဃာတော် အပါး ၅၀၀ တို့အား ဆွမ်း၊သင်္ကန်းနှင့် နဝကမ္မ ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ နိုင်ငံတော်မှ

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လက်ခံသည်။ဆက်လက်၍သာသနာရေးဝန်ကြီးဌာနအတွက် မဟာသဒ္ဓမ္မဇောတိကဓဇ အရှင်သုဘန(စုဆန်းလီ)က ငွေကျပ် ၂၅ သိန်း၊ ဆရာတော် စုထီဟွေ့က ငွေကျပ် ၁၀ သိန်း၊ ဆရာတော် ယန်ဂူခုံးက ငွေကျပ် ၁၀ သိန်း၊ ဆရာလေး စူချဲလ်ရင်းက ငွေကျပ် ၂၅ သိန်း၊ ဆရာလေး စူချန်းလူက ငွေကျပ် ၁၀ သိန်း၊ လင်တိုက်ဟွာက ငွေကျပ် ၁၀ သိန်း၊ လင်ဖန့်လုံက ငွေကျပ် ငါးသိန်း၊



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၌ ငွေကျပ် သိန်း ၄၅၀ ကျော်နှင့် သံဃာတော်အပါး ၅၀၀တို့အား ဆွမ်း၊သင်္ကန်းနှင့် နဝကမ္မ ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဦးစီးပဓာနနာယက နိုင်ငံတော် သံဃမဟာနယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၏ကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ဒေါ်ကြိုင်ကြိုင်နှင့်ပရိသတ်တို့ကငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

လှူဖွယ်ပစ္စည်းများလှူဒါန်း

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်း

အလှူတော်ငွေများလက်ခံ

ထို့နောက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်စာသင်ကျောင်းတိုက် ပစ္စည်းလေးပါးပဒေသာပင်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီး ဆေးကုသရန်အတွက် အလှူတော်ငွေ ကျပ်သိန်း ၁၀၀၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် သာသနာ့ပါလ သုံးထပ်ကျောင်းဆောင်အတွက် ငွေကျပ်သိန်း ၁၀၀၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆွမ်းပဒေသာပင်နှင့် မြင်းခြံမြို့ ပုညသဟာယဆွမ်းလောင်းအသင်းအတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို အလှူရှင် အရှင်သုဘန (စုဆန်းလီ) ကိုယ်စား ကပ္ပိယ ကိုဟန်လင်းက ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက

ခြူးချွန်ဟွေ့က ငွေကျပ်ငါးသိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကို အလှူရှင်များကိုယ်စား လင်တိုက်ဟွာက ပေးအပ်ရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက် မဟာသဒ္ဓမ္မဇောတိကဓဇ အရှင်သုဘန (စုဆန်းလီ)က ငွေကျပ် ၂၅ သိန်း၊ ဆရာလေး စူချဲလ်ရင်းက ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၅၀ ကို ဆရာလေး စူချဲလ်ရင်းက ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စိန်ထွေးက လက်ခံသည်။

ဓမ္မပဏ္ဏာလှူဒါန်း

ထို့နောက် သက်တော်ရှည် မြင်းခြံဆရာတော်ကြီးက ဓမ္မပဏ္ဏာအဖြစ် ပေးအပ်လှူဒါန်းသော လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဆရာတော်ကြီးကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆရာတော် ယန်ဂူခုံးအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မြောက်မင်းစီသာသနာပြု ကျောင်းထေရဝါဒ တရုတ် ဘုန်းတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ အရှင်သုဘန (စုဆန်းလီ)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသက အနုမောဒနာတရား ဟောကြားပြီး ဒေါ်ကြိုင်ကြိုင်၊ ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အလှူတော်မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင်ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များသည် အလှူတော်မင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်တို့အား သင်္ကန်းနှင့် ဆေးဝါးများ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် ဘုံကထိန်သင်္ကန်းကပ်လှူပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❀ ကျောဖုံးမှ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်ပရိသတ်တို့က သံဃာတော် အရှင်သူမြတ်တို့အား ပရိက္ခရာရှစ်ပါးအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက်မိသားစုဘုံကထိန်တွင် ဆရာတော်အား ပရိက္ခရာရှစ်ပါးနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုတာရာမ ကျောင်းတိုက် မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားတော် နာယူကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစုဘုံကထိန်တွင် ကာကွယ်ရေးဝန်ကြီးဌာန ရုံး၊ဌာန အသီးသီးနှင့် မိသားစုများက ပဒေသာပင်များ စုပေါင်းလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကာကွယ်ရေးဝန်ကြီးဌာန အကြိမ် (၅၀)မြောက် မိသားစု ဘုံကထိန်တွင် ဆရာတော်အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစုဘုံကထိန်တွင် ဆရာတော်အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)



ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစုဘုံကထိန်တွင် ဆရာတော်အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမိသားစု မဟာဘုံကထိန်သင်္ကန်းဆက်ကပ်

ရန်ကုန် နိုဝင်ဘာ ၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန သတ္တမအကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနဓမ္မာရုံ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်ဇနီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကိုင်ကိုင် ရေစက်သွန်းချအမျှပေးဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကိုင်ကိုင် ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစု ဘုံကထိန်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုတာ ရာမကျောင်းတိုက် မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။

(သတင်းစဉ်)

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ပူဇော်ပွဲ မင်္ဂလာ ပင့်လျှောက်ထား

ရန်ကုန် နိုဝင်ဘာ ၁

ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် မူလတိုက်တည် ကျေးဇူးတော်ရှင်ဘဒ္ဒန္တ တေဇနိယ ဆရာတော်ကြီး၏(၂၅)ကြိမ်မြောက် အထိမ်းအမှတ်ပူဇော်ပွဲ၊ မထေရ်ကြီးများ၏ ဩဝါဒခံယူပွဲ၊ တိုက်တွင်းရှိ ပဓာနနာယက(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်နှစ်ပါးအား တပည့်သံဃာတော်များက စုပေါင်း၍ အဌမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲတို့ကို ၁၃၆၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (နိုဝင်ဘာ ၁၈ ရက်)အင်္ဂါနေ့နံနက် စနာရီတွင် တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ရာ ရပ်ဝေးသံဃာတော်များ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်းသိရသည်။ **(က-ပ)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကြည့်မြင်တိုင်ကမ်းနားဈေး မဟာဘုံကထိန် တရားဓမ္မသဘင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေးသူဈေးသားများ၏ (၁၉)ကြိမ်မြောက် မဟာဘုံကထိန်တရားဓမ္မသဘင်အဖြစ် နိုဝင်ဘာ ၃ ရက်တွင် ပိဋကတစ်ပုံခွဲ အောင်ရွှေပြည်ဟိန်းဆရာတော် (သီတဂူကြာတစ်ပွင့်) အရှင်ခေမာသီရိလင်္ကာရ၊ နိုဝင်ဘာ ၄ရက်တွင် မိုးကုတ် နယ်လှည့် ဓမ္မကထိက ဦးမာလာစာရ(ကမ္မဋ္ဌာနာစရိယ)၊ နိုဝင်ဘာ ၅ရက်တွင် နယ်လှည့်သာသနာပြု ဓမ္မကထိက ဦးဣန္ဒောဘာသ(ကမ္မဋ္ဌာနာစရိယ) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့် ဇနီး ဒေါ်ခင်လေးသက် ကာကွယ်ရေးဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစုဘုံကထိန်တွင် ဆရာတော်အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ဒေါ်ခင်သန်းနွဲ့ ဆက်ကပ်လှူဒါန်း

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ကာကွယ်ရေး ဝန်ကြီးဌာန အကြိမ်(၅၀)မြောက် မိသားစုဘုံကထိန်တွင် ဆရာတော် အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၁၁-၂၀၀၃(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော် ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say It in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
- ၁၁:၃၅ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၁၂)
- ၁၂:၁၅ ၆။ Milo Success In Soccer.
- ၁၂:၃၀ ၇။ မြန်မာဗီဒီယိုဇာတ်လမ်း **"အဖြည့်ခံရဲ့ အဖြည့်ခံ"** (သီဟတင်စိုး၊စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ အေးဝတ်ရည်သောင်း) (ဒါရိုက်တာ- သီဟတင်စိုး)
- ၁၄:၁၅ ၈။ မြန်မာ့ရိုးရာ ခေါင်းပေါင်းလုပ်ငန်း
- ၁၄:၃၀ ၉။ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
- ၁၄:၄၅ ၁၀။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
- ၁၆:၅၅ ၅။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၁၇:၀၅ ၆။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၁၇:၁၅ ၇။ တေးဂီတအစီအစဉ်
- ၁၇:၂၅ ၈။ ကြိုတင်လေ့ကျင့်အောင်ပွဲ အဆင့်ဆင့်
- ၁၇:၃၅ ၉။ ၂၀၀၃ ခုနှစ် (၁၃)ကြိမ်မြောက် အရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ
- ၁၇:၄၅ ၁၀။ ဆိုကြမယ်၊ပျော်ကြမယ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ အမျိုးသားရေးတွက် သွေးချင်းတို့ဆုံရာ ပုဂံမြေ(အပိုင်း-၂)
- ၁၉:၂၀ ၁၄။ မြန်မာ့ရေထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းပြပွဲ(အပိုင်း-၁)
- ၁၉:၃၀ ၁၅။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲအကြို
- ၁၉:၄၀ ၁၆။ ရွှေလီရေအား လျှပ်စစ်စီမံကိန်း (ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်း)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ Calcio Series A ဘောလုံးပွဲထုတ်လွှင့်မှု အစီအစဉ်။

★ အိန္ဒိယမှ

ထမ်းဆောင်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၂ခုနှစ် အောက်တိုဘာလအထိ ရာဂျာစ်သန်ပြည်နယ်လွှတ်တော်တွင် အတိုက်အခံခေါင်းဆောင်ဖြစ်ခဲ့ပါသည်။ ထို့နောက် ၂၀၀၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် အိန္ဒိယ သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ ဖြစ်ခဲ့ပါသည်။

မစ္စတာရှေခါဝပ်သည် ၁၉၇၇ ခုနှစ်တွင် ရာဂျာစ်သန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်က ဆင်းရဲမှုပပျောက်ရေးအတွက် လယ်ယာမြေပြုပြင်ရေးလုပ်ငန်းများကို ရှေ့ဆောင်ရှေ့ရွက်ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ၎င်း၏ ဆင်းရဲမှု ပပျောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ချက်များသည် အိန္ဒိယပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။ ၎င်းစတင်ခဲ့သော "အန်တယိုဒါယာ အစီအ စဉ်"သည် ဆင်းရဲတွင်းအနက်ဆုံး အလွှာမှ ပြည်သူတို့၏လူနေမှုအဆင့် အတန်းကို မြှင့်တင်ရန် ဦးတည်ခဲ့သော အစီအစဉ်ဖြစ်ပြီး ယင်းအစီ အစဉ်ကို နိုင်ငံတစ်ဝန်းလုံး၌ ကျင့်သုံးသော ကျေးလက်ဖွံ့ဖြိုးရေး စီမံချက်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

မစ္စတာ ရှေခါဝပ်သည် လယ်ယာ မြေပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စိတ်အားထက်သန်စွာ ထောက် ခံအားပေးခဲ့ပြီး လယ်ယာမြေပြုပြင်ရေးကို အချိန်တိုနှင့်ထိရောက်စွာ အကောင်အထည်ဖော်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါသည်။

မစ္စတာ ရှေခါဝပ်သည် ရာဂျာစ်သန်ပြည်နယ် သုံးပါတီညွန့်ပေါင်းအစိုးရကို အောင်မြင်စွာ ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့သူ တစ်ဦးဖြစ်ပါသည်။ ဒုတိယသမ္မတနှင့် ပြည်နယ်များကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ယခုအချိန်တွင်လည်း နိုင်ငံအတွက်အရေးကြီးသောကိစ္စများကို နိုင်ငံရေးအဖြေရရှိရေးအတွက် အစဉ်တစိုက်ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

၎င်း၏ ဇနီးသည်အမည်မှာ မစ္စစ်စုရပ် ဂျံ့ကန်ဝါဖြစ်ပြီး ၎င်းတို့တွင် သမီးတစ်ဦးရှိပါသည်။ **(သတင်းစဉ်)**

ကံထူးရှင်ရွေးချယ်

ရန်ကုန် နိုဝင်ဘာ ၁

(၁၇၈)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျပ်သိန်း (၁၀၀) (အထူးဆု)

ကခ-၈၄၅၁၅၆

ကျပ်သိန်း (၅၀) ဆုများ

ငှ-၄၂၀၈၆၄ ဃ-၂၆၆၉၄၉

ဒ-၇၃၅၀၂၃ လ-၅၃၁၄၉၆

ခ-၅၉၈၉၈၃ လ-၂၉၂၉၄၉

ဝ-၄၂၄၁၆၂ ည-၆၀၃၅၂၆

ပ-၁၇၉၂၃၄ ရ-၂၃၆၇၅၉

ကျပ် (၂၅) သိန်းဆုများ

ဃ-၅၉၇၄၁၇ ဘ-၂၀၈၃၈၉

ဈ-၉၂၇၉၅၄ လ-၃၈၈၃၀၆

ည-၉၂၈၁၀၃ ဖ-၃၆၆၆၄၉

အ-၈၆၉၄၁၃ ဟ-၄၄၉၈၈၄

ဌ-၂၄၂၃၉၁ ခ-၉၁၉၂၀၆

ထ-၂၉၉၁၇၃ ဟ-၄၇၂၉၄၄

ကျပ်သိန်း (၅၀) (မင်္ဂလာစုံတွဲ)

ပ-၉၃၅၃၅၀ ဓ-၁၁၆၀၂၈

စ-၅၀၆၉၈၉ ဠ-၉၄၂၈၃၉

ပ-၉၂၂၈၃၇ ခ-၈၀၉၄၅၂

ရ-၉၆၃၇၅၆ ငှ-၇၇၇၄၇၈

ဠ-၂၄၁၉၅၀ ဌ-၇၅၉၁၅၂

ဃ-၂၆၄၈၄၇ ဖ-၆၆၄၆၈၀

ဏ-၈၆၇၀၆၉ သ-၉၁၈၇၈၈

ဠ-၁၃၀၆၁၂ ဠ-၄၈၂၁၇၉

ဟ-၅၇၉၅၆၅ ပ-၁၈၀၇၂၅

ဍ-၅၀၃၄၇၁

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သားငါးပွံ့ဖြိုး ပြည်အကျိုး

ဆရာ ဆရာမများ သမားရိုးကျပုံစံသင်ကြားနေရုံဖြင့်မလုံလောက်တော့ တိုးတက်နေသည့် ခေတ်မီသင်ကြား၊သင်ယူထောက်ကူပစ္စည်းများအသုံးချ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုမြှင့်တင်၊ထူးချွန်ထက်မြက်အောင်ပို့ချ

ရန်ကုန် နိုဝင်ဘာ ၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြဆရာများနှင့် သင်တန်းသားသင်တန်းသူ ဆရာဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ အခြေခံပညာ ဆရာ ဆရာမများ၏ အထူးမွမ်းမံသင်တန်းများ အောင်မြင်ဖြစ်ထွန်းပြီး ယခုကဲ့သို့ ဆရာ ဆရာမများအား စဉ်ဆက်မပြတ် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနေခြင်းမှာ နိုင်ငံတော်ကကျင့်သုံးနေသည့် ပညာရေးမြှင့်တင်မှု အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် စိတ်ဓာတ်ရေးရာ မြင့်မြင့်မားမားဖြင့် အတွေ့အကြုံ ဗဟုသုတရှိရှိ ထိထိရောက်ရောက် ပါဝင်အကောင်အထည်ဖော်လာနိုင်အောင်ဖြစ်ကြောင်း။

ပြန်လည်လေ့လာဆည်းပူး

ဆရာ ဆရာမများအနေဖြင့်လည်း ယခုကဲ့သို့နိုင်ငံတော်က ရည်မှန်းချက်မြင့်မြင့်မားမားထားပြီး ဖွင့်လှစ်သော အထူးမွမ်းမံသင်တန်းကို တက်ရောက်ခွင့်ရသည့်အချိန်တွင် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များနှင့် အနာဂတ်အလားအလာများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၏ အပြန်အလှန် အကြောင်းအကျိုးပြုဆက်စပ်နေသည့် အခြေအနေများကို ပိုမိုသဘောပေါက်အောင် မိမိတို့ဆရာ ဆရာမများ၏ အခန်းကဏ္ဍကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခံယူလာနိုင်အောင် ပြန်လည်လေ့လာဆည်းပူး ဆန်းစစ်သွားကြရမှာ ဖြစ်ကြောင်း။

ပညာခေတ်ဖြစ်

ယနေ့အချိန်အခါတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်ပိုင်အမျိုးသား လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ ပညာကို အသားပေးလေ့လာသည့် ပညာခေတ်ဖြစ်ကြောင်း။

ယနေ့ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များ၊ အီလက်ထရွန်နစ် နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများသည် လူ့ဘောင်အဖွဲ့အစည်း၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်အသီးသီးကို လွှမ်းမိုးရိုက်ခတ်လျက်ရှိနေပြီ ဖြစ်ကြောင်း။

စာသင်ကျောင်းများ၌ ဆရာ ဆရာမများသည် သမားရိုးကျပုံစံဖြင့် သင်ကြားပြသနေရုံနှင့် မလုံလောက်တော့ဘဲ ခေတ်စနစ်နှင့်အညီ တိုးတက်ဖြစ်ပေါ်နေသည့် ခေတ်မီသင်ကြားမှု သင်ယူမှုအထောက်အကူပစ္စည်းများကို ထိထိရောက်ရောက် အသုံးချပြီး ဆရာ ဆရာမများ၏ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်နေရမှာဖြစ်သကဲ့သို့ တပည့်များကိုလည်း ထူးချွန်ထက်မြက် တတ်သိအောင် သင်ကြားပို့ချနေရမှာ ဖြစ်ကြောင်း၊ ခြုံလိုက်မည်ဆိုလျှင် ယနေ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးသည် အမြဲမပြတ် လေ့လာ သင်ယူနေမှသာ အနာဂတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် အခြေအနေများဖြစ်ပေါ်လျက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်ကာလတွင် တွေ့ကြုံရမည့်အခြေအနေအရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးနှင့် အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေစွာ အမြဲမပြတ်လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်ထွန်းလာရေးတို့ကို မျှော်မှန်းပြီး နိုင်ငံတော်အတွင်း သတင်းနှင့် ဆက်သွယ်မှုနည်းပညာကိုအခြေပြုသည့်သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံသော အခြေအနေကောင်းများ ဖြစ်ထွန်းလာအောင် ပြုပြင် ပြောင်းလဲမှု အစီအမံများကို တွန်းအားပေး စီမံဆောင်ရွက်ပေးရနေခြင်းဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်၏ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများနှင့် လိုက်လျောညီထွေသော ပညာရေးကဏ္ဍဖြစ်ပေါ်ရေးနှင့် နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းဖြစ်ပေါ်ရေးတို့ အတွက် ပညာရေးမြှင့်တင်မှု အစီအစဉ်များကိုလည်း ခိုင်ခိုင်မာမာချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြို့ပြနှင့်ကျေးလက်

ယနေ့ ပညာရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင် အခြေခံပညာကဏ္ဍတွင် ပညာရေးမြှင့်တင်မှုအစီအစဉ်များကို အဆင့်ဆင့် အကောင်အထည်ဖော်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး ကျောင်းသူကျောင်းသားလူငယ်များ၏ဘက်စုံပညာထူးချွန်ထက်မြက်ရေး၊ မြို့ပြနှင့် ကျေးလက်ပညာရေးကွာဟချက်ကျဉ်းမြောင်းပပျောက်ရေးဆိုသည့် ရည်မှန်းချက်များတစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

စာဖတ်ရှိန်တိုးမြှင့်

တစ်ချိန်တည်းမှာပင် အခြေခံဒေသများဖြစ်သည့် ကျေးလက် ဒေသနေပြည်သူများ၏ပညာရည်မြင့်မားရေးအတွက် စီမံဆောင်ရွက်နေသော ကျေးလက်ဒေသပညာရေးဖွံ့ဖြိုးမှုအစီအစဉ်များ၊ ကျောင်းပြင်ပ ပညာရေးဖြစ်သည့် စာမတတ်သူပပျောက်ရေး၊ စာတတ်ပြီးသူများ စာဖတ်ရှိန်တိုးမြှင့်ရေး အစီအမံများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးဆက်စပ်ပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပညာဉာဏ်ဗဟုသုတပြည့်စုံကြွယ်ဝပြီးတစ်မျိုးသားလုံး၏ ပညာရည်တိုးတက်မြင့်မားစေရေးတို့ကို သဟဇာတဖြစ်အောင် ပေါင်းစပ်မြှင့်တင်ဆောင်ရွက်သွားမည်ဆိုလျှင် အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးအမြန်ဆုံးပေါ်ထွန်းလာမှာဖြစ်ကြောင်း။

ပတ်ဝန်းကျင်အခြေခံကောင်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရာတွင် စီးပွားရေးအင်အား ခိုင်မာတောင့်တင်းနေရေးနှင့် နိုင်ငံသားတိုင်း စာတတ်မြောက်နေရေးမှာအလွန်အရေးကြီးသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကာလတိုစီးပွားရေးစီမံကိန်းများကိုစနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုများ ရရှိနေသကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း ပညာရေးပတ်ဝန်းကျင် အခြေခံကောင်းများ ဖြစ်ထွန်းလာအောင် အခြေချနိုင်ပြီဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် ပညာရေးကဏ္ဍကို အရေအတွက် အရရော အရည်အသွေးအရပါ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက် ဖြစ်ထွန်းစေရအောင် ကျယ်ပြန့်သည့် အမျိုးသားရေးအမြင်နှင့် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

အထူးသဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် အခြေခံနှင့် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကြိုးပမ်းဆောင်ရွက်ပေးမည်ဆိုသည့်စိတ်ဓာတ်၊ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားနှင့် ကာကွယ် စောင့်ရှောက်မည်ဆိုသည့် ခံယူချက်များ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာအောင် စာသင်ကျောင်းများတွင် ပြုစုပျိုးထောင် လေ့ကျင့်သွားကြပါဟု မှာကြားလိုကြောင်း။

တက်ညီလက်ညီပူးပေါင်း

ယနေ့ နိုင်ငံတော်တစ်ဝန်းတွင် စီးပွားရေးအခြေခံ အဆောက်အအုံများ၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို အတော်များများ တည်ဆောက်ပြီးဖြစ်ကြောင်း၊ ဤသို့ ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်အတတ်ပညာများနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်နိုင်ခြင်းမှာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် မူဝါဒများ၏ လမ်းပြဖော်ဆောင်မှု၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကြောင့်ပင် ဖြစ်ကြောင်း။

တည်ဆောက် အကောင်အထည်ဖော်ပြီးသည့် အခြေခံအဆောက်အအုံများကို အပြည့်အဝအသုံးချပြီး ခေတ်မီနိုင်ငံတော် တည်ဆောက်ဖော်ဆောင်ရေးတွင် လူသားအရင်းအမြစ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် စသည့် ပညာတတ်များရှိမှလည်း ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာ ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ချမှတ်ပေးထားသည့် နိုင်ငံရေးဆိုင်ရာ လမ်းစဉ်ခုနစ်ရပ်ကို ပြည်နယ်၊တိုင်းအားလုံးက တစ်ခဲနက်ထောက်ခံပွဲများ ကျင်းပပြီး တိုင်းရင်းသားပြည်သူ အပေါင်း၏ မူဝါဒလမ်းစဉ်များအဖြစ် ဖော်ဆောင်လျက်ရှိနေကြပြီဖြစ်ကြောင်း။

ပညာတတ်များပေါများရန်လို

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ အပြန်အလှန်ဆက်စပ်နေသည့် ကွင်းဆက်များဖြစ်ကြောင်း၊ နိုင်ငံရေးအရရှေ့ဆက်သွားမည့်အစီအစဉ်များကို အကောင်အထည်ဖော်နေချိန်တွင် နိုင်ငံတော်တစ်ရပ်လုံးမှာ တည်ငြိမ်အေးချမ်းပြီး စီးပွားရေးအရ တောင့်တင်းခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ စီးပွားရေးအရ ထည်ထည်ဝါဝါခိုင်မာပြီး နိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်သွားမည့် ပညာတတ်များ ပေါများနေရန် အမှန်လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် ခရီးစဉ်တွင်လည်း ပညာရေးကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍတွင်ရှိနေသည့်အတွက် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ အရေးအရာများတွင် ထက်ကြပ်မကွာ ပါဝင်နေရဦးမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ သင်တန်းကာလတွင် အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများ၏ ရည်ရွယ်ချက်နှင့်အနှစ်သာရကို ကျယ်ပြန့်သည့်အမျိုးသားရေးအမြင်များဖြင့် ဆက်စပ်ရှုမြင်သုံးသပ်နိုင်အောင် လေ့လာဆည်းပူးသွားကြပါ၊ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင်ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်နိုင်အောင် သင်တန်းကာလတွင် လေ့လာသင့်သည်များကို ကြိုးကြိုးစားစား လေ့လာသွားကြပါဟုတိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည် ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာဆရာဆရာမသင်တန်းသား သင်တန်းသူ ၁၀၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနား မစတင်မီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ပင်မဆောင်ခန်းမ၌ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ် ဗိုလ်မှူးကြီးအောင်ဆန်းဝင်းက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၊ တက္ကသိုလ်ပရဝဏ်စိမ်းလန်းစိုပြည်သာယာလှပရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂)က လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ကထိန်သင်္ကန်းဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၁

ကရဝိက်သင်္ကန်းတိုက်၏ နှစ်၅၀ ရွှေရတုတိုင်ခဲ့ပြီ ဖြစ်သော ဝိနည်းညီဆိုက်ပြည့် အသစ်ချုပ်ထားသော ကရဝိက်သင်္ကန်းများကိုဝယ်ယူလှူဒါန်းလိုကြသော ရဟန်းရှင်လူ ပြည်သူများသည် ဦးမြင့်–ဒေါ်လှမြင့်၊ သမီးမန္တဲ့နွဲ့ရီ၊ ရန်ကုန်ပင်ရင်း အမှတ် ၆၅/၆၇၊ အထက်ကြည့်မြင်တိုင်လမ်း ဖုန်း–၅၁၁၇၁၄၊ ၅၄၂၆၅၆၊ ရန်ကုန် ဆိုင်ခွဲ အမှတ် ၈၃ ဗိုလ်ချုပ်အောင် ဆန်းလမ်း ၄၉လမ်းနှင့်လမ်း၅၀ကြား ပုဇွန်တောင်မြို့နယ် ပြည်မြို့ပင်ရင်း အမှတ် ၅၄ ပန်းထိမ်တန်းလမ်းနှင့် အမှတ် ၈၂၂ ဗိုလ်ချုပ်လမ်း ပြည်မြို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်းသိရသည်။(က–ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဝတ္ထုရှည်မြန်မာ နှစ် ၁၀၀

ချစ်နိုင်
(စိတ်ပညာ)

ချစ်စွာသော တူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ–––

စာပေအရေးအသား အမျိုးအစားများကို အကြမ်းအားဖြင့် ခွဲခြားကြည့်ရင် နှစ်မျိုးလောက် ရှိမှာပေါ့မောင်။

၁။ စကားပြေ (Prose)

၂။ ကဗျာလင်္ကာ (Poetry)

စကားပြောနဲ့ရေးတဲ့ စာပေအရေးအသားတွေထဲမှာ အလွယ်တကူ ထပ်မံခွဲခြမ်းစိတ်ဖြာကြည့်ရင်တော့ သုတစကားပြေနဲ့ ရသစကားပြေလို့ တွေ့ရမယ်။ ဒါက ဘာအထောက်အထားမှမပါဘဲ လူပြိန်းစကားနဲ့ ပြောလိုက်တာပါ။ ရှေးကပညာရှင်များ ခွဲခြားပုံအနေနဲ့ဆိုရင် အောက်ပါ အမျိုးအစားတွေ ပါပေမှာပဲ။

၁။ ဆောင်းပါး

၂။ ဝတ္ထု

၃။ ပြဇာတ်၊ ဇာတ်ညွှန်း၊ ရိုက်ညွှန်း

၄။ ကျမ်း

အခြားအကြောင်းတွေကို ချန်ထားပြီး ဝတ္ထုဆိုတဲ့ စကားပြေ အရေးအသားကို ကြည့်ရင် ဝတ္ထုတိုနဲ့ ဝတ္ထုရှည်ဆိုပြီး သဘောသဘာဝ အတော်ကွဲပြားခြားနားကြတဲ့ စာပေနှစ်မျိုးတွေ့မြင်နိုင်ပါတယ်။ ဒါဟာ ဝတ္ထုတိုလား၊ ဝတ္ထုရှည်လား သိသာထင်ရှားကြပါတယ်။

၁။ ဝတ္ထုတို (Short Story)

၂။ ဝတ္ထုရှည် (Novel)

ဝတ္ထုရှည်စကားပြေအဖွဲ့ စာပေမျိုးဟာ မြန်မာစာပေမှာ အင်းဝခေတ် ရွှေနန်းကြော့ရှင်လက်ထက်ဆီကပင် ရှိခဲ့ဖူးပါတယ်။ ရှင်မဟာသီလဝံသ ရေးသားတော်မူတဲ့ **"ပါရာယနဝတ္ထု"** ဆိုတာ သူမြတ်ရှစ်ဦး အကြောင်းပါပဲ။ ဝတ္ထုရှည်အမျိုးအစားထဲမှာ ပါဝင်တယ်လို့ ပညာရှင်အချို့က ယူဆပါတယ်။ ငါးရာ့ငါးဆယ်လာ မဟာသုတသောမဇာတ်ကိုအခြေခံတဲ့ **"မဏိကုဏ္ဍလဝတ္ထု"** ကို ဝရာဘိသံဃနာထ ဆရာတော် ရေးသားတော်မူခဲ့တဲ့ အင်းဝခေတ် အနောက်ဘက်လွန်မင်းလက်ထက်မှာဖြစ်ပါတယ်။ အင်းဝခေတ် အဆုံးပိုင်းကာလ အလောင်းဘုရား လက်ထက်တော်အခါ ၁၇၅၂–၆၀မှာ ပေါ်ပေါက်ခဲ့တဲ့ ရွှေတောင် သီဟသူရေးသားခဲ့တဲ့ **"ရတနာ့ကြေးမုံဝတ္ထု"** ဆိုတာလဲ ဝတ္ထုရှည်ပဲ။ အဆန်းတကြယ် ဇာတ်ကောင်များပါတဲ့ နန်းတွင်းဝတ္ထု၊ ဟယ်ရီပေါ်တာထက် နှစ်ပေါင်း ၂၅၀ ပိုပြီး စောတာပေါ့။

ပါရာယနဝတ္ထု၊ မဏိကုဏ္ဍလဝတ္ထု၊ ရတနာ့ကြေးမုံဝတ္ထု ဆိုတာတွေဟာ အစောဆုံး မြန်မာဝတ္ထုရှည်များအဖြစ် တက္ကသိုလ်တွေမှာ မြန်မာစာဌာနက စာပေပညာအနေနဲ့ သင်ကြားပို့ချနေကြပါတယ်။ ၁၆ရာစု၊ ၁၇ရာစုက ပေါ်ပေါက်ခဲ့ကြတာမို့ ဂုဏ်ယူစရာလဲ ကောင်းပါတယ်။ မြန်မာစာပေ သမိုင်းကြောင်းမှာ မြန်မာတို့ရဲ့ ဝတ္ထုရှည်ခရီးဟာ ခေတ်ကာလ တော်တော် စောစောကပင် မှတ်တိုင်စိုက်ထူနိုင်ခဲ့ပြီးသား ဆိုရပါမယ်။ ၁၉ရာစုထဲမှာ မြန်မာဝတ္ထုရှည်အချို့ ပေါ်ထွက်ခဲ့ပါသေးတယ်။ အရေအတွက်တော့ နည်းခဲ့ပါတယ်။

နှစ်ဆယ်ရာစု အဦးပိုင်းကာလ ၁၉၀၄ခုနှစ်မှာ ပေါ်ထွက်ခဲ့တဲ့ ဂျိမ်းစ်လှကျော် ရေးတဲ့ **"မောင်ရင်မောင် မမယ်မဝတ္ထု"** နဲ့ ဝန်စာရေးဦးကြီးရေးတဲ့ **"ချဉ်ပေါင် ရွက်သည် မောင်မှိုင်းဝတ္ထု"** တို့ကတော့ မြန်မာဝတ္ထုရှည်လောကကို အရှိန်အဟုန်နဲ့ ကြီးမားစွာ ပြောင်းလဲစေခဲ့ပါတယ်။

သူတို့ရဲ့ ရှေးကပေါ်ပေါက်ခဲ့ကြတဲ့ ဝတ္ထုရှည်များထက် စာဖတ်ပရိသတ် အပေါ် အကြီးအကျယ် ဩဇာလွှမ်းမိုးခဲ့ပါတယ်။ ရွှေတောင်ဆရာလွန်းဟာ ကလောင်အမည် မစ္စတာမောင်မှိုင်း(ဦးကြီးရဲ့ဝတ္ထုထဲက ဇာတ်ကောင်အမည်)နဲ့ စာရေးရာမှ သခင်ကိုယ်တော်မှိုင်းလို့ တွင်သွားတဲ့အထိ ဖြစ်စေခဲ့တာ ကြည့်ပေရော့။ ၁၉၀၄ခုနှစ်က ပေါ်ထွက်ခဲ့တဲ့ မောင်ရင်မောင် မမယ်မနဲ့ မောင်မှိုင်းတို့ဟာ ယခုခေတ် ရုပ်ရှင်မင်းသား၊မင်းသမီးတွေက လူငယ်တွေရဲ့ အပြုအမူ၊ အမူအရာ ဟန်ပန်ကို အတော်လွှမ်းမိုးစေသလိုပဲ စာဖတ်ပရိသတ်အပေါ် ထိုအချိန်က အရှိန်ပြင်းစွာ အကျိုးသက်ရောက်စေခဲ့လောက်ပါတယ်။

နှစ်ဆယ်ရာစု တစ်ခေတ်လုံးတွင် မြန်မာစာပေရေစီးကြောင်းကြီးထဲမှာ ဝတ္ထုရှည်ဟာ တာဝန်ကျေစွာ ပါဝင်စီးဆင်းခဲ့တယ်။ အင်္ဂလိပ်ဘာသာနဲ့ ဖတ်နိုင်တဲ့ ပုဂ္ဂိုလ်များရဲ့ကျေးဇူးနဲ့ ဘာသာပြန်ဝတ္ထုရှည်တွေ၊ မှီငြမ်းတဲ့ ဝတ္ထုရှည်တွေလဲ ထွက်လာကြတယ်။ ပီမိုးနင်း၊ ဦးလတ်၊ ရွှေဥဒေါင်းစတဲ့ ပုဂ္ဂိုလ်များမှသည် မောင်ထင်၊ သုခ၊ ဇဝန၊ မင်းဆွေအထိ လွတ်လပ်ရေးမရမီ ဝတ္ထု ရှည်အချို့ကို စာရင်းကောက်ယူတင်ပြလိုက်ပါတယ်။ သာဓကအနေနဲ့ပါ။

ပြည့်ပြည့်စုံစုံ တိတိကျကျရယ်တော့ မဟုတ်လှပါဘူး။ ဝတ္ထုရှည်လေ့လာ ချက်စာတမ်းများမှ ကိုးကားဖော်ပြပါတယ်။ မြန်မာဝတ္ထုရှည် သမိုင်းစဉ် လမ်းကြောင်းမှာ ကိုယ်စားပြုနိုင်လောက်တဲ့ မှတ်တိုင်အချို့ကို (လက်လှမ်းမီရာ လေ့လာမိသမျှ) ဖော်ပြခြင်းပါ။ စာဖတ်သူများက လိုတာဖြည့်စေလိုပါတယ်။

၁၉၄၈ လွတ်လပ်ရေးရပြီး ဒီဘက် နှစ်ပေါင်း၅၀ကျော် ခရီးကိုတော့ စာပေဝါသနာရှင်များ ထိတွေ့ခဲ့ပြီးမို့ အထူးမဖော်ပြတော့ပါ။ စာဖတ်ပရိသတ် အပေါ် ကြီးမားစွာ လွှမ်းမိုးနိုင်ခဲ့ကြသူများကတော့ သခင်ကိုယ်တော်မှိုင်း၊ သခင်ဘသောင်း၊ သိန်းဖေမြင့်၊ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ ရှုဝံ၊ မြသန်းတင့်၊ ပါရဂူ၊ ဂျာနယ်ကျော်မမလေး၊ မဟာဆွေ၊ စစ်ကိုင်း ဦးဘိုးသင်း၊ သုခ၊ ဇဝန၊ တင့်တယ်၊ မင်းဆွေ၊ သော်တာဆွေ၊ ခင်နှင်းယု၊ ခင်ဆွေဦး၊ တက္ကသိုလ်ဘုန်းနိုင်၊ နန္ဒ၊ နတ်နွယ်၊ မောင်နေဝင်း၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လင်းယုန်သစ်လွင်၊ ငွေလင်း၊ မင်းကျော်၊ ကျော်အောင် စသည် စသည်–– စာရင်းထိုးစရာတွေ များလှပါတယ်။

နှစ် ၁၀၀ မြန်မာဝတ္ထုရှည်ရေစီးကြောင်းကြီးရဲ့ အတိတ်သမိုင်းကို သမင်လည်ပြန် ဝေဖန်သုံးသပ်ကြည့်လိုက်ကြခြင်းအားဖြင့် ၂၁ရာစု မြန်မာစာပေ အလားအလာအတွက် ထက်မြက်တဲ့အားမာန်၊ အသိဉာဏ်၊ ဗဟုသုတနဲ့ ကောင်းကျိုးအထောက်အပံ့တွေ ရစေလောက်ပါတယ်။ စိတ်ဝင်စားစရာ ကောင်းပါတယ်။

လွန်ခဲ့တဲ့ နှစ်၁၀၀ ကာလခရီးမှာ မြန်မာဝတ္ထုရှည်များဟာ နိုင်ငံနဲ့ လူမျိုး အတွက် ကြီးမားစွာ အကျိုးပြုခဲ့ကြပါတယ်။ အထူးသဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင်၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားအောင်၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားသွေးစည်းချစ်ကြည်ရေး၊ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူအများကောင်းစားရေးစသည့် ဦးတည်ချက်များနဲ့ ရသမြောက်စွာဖွဲ့ဆို ခြယ်မှုန်းခဲ့ကြပါတယ်။ စည်းရုံးလှုံ့ဆော်ခဲ့ကြပါတယ်။

နိုဝင်ဘာ ၂၁ ရက်မှ ၂၈ရက်အထိ ဗိုလ်အောင်ကျော်လမ်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယထပ်ခန်းမကြီးမှာ "ဝတ္ထုရှည် မြန်မာ–နှစ် ၁၀၀ပြပွဲ"ကို ခင်းကျင်း ပြသကြမယ်လို့ ကြားသိရပါတယ်။

နိုဗယ် (Novel)လို့ခေါ်တဲ့ အနောက်တိုင်းဝတ္ထုရှည်ကို အချို့က အမျိုးအစားခွဲခြားကြရာမှာ ယခုလိုမျိုး ခွဲခြားကြတာလဲ တွေ့ဖူးပါတယ်။

၁။ Historical Novels

၂။ Romantic Novels

၃။ Science-Fiction Novels

မြန်မာဝတ္ထုရှည်များကတော့ (၁)နဲ့(၂)အမျိုးအစားတွေပဲ အရေအတွက်များပြီး သိပ္ပံဝတ္ထုရှည်ကတော့ အတော်ပဲနည်းပါးမယ်လို့ ထင်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပရိသတ်ရဲ့ ဖတ်ရှုအားပေးမှုများနဲ့ မြန်မာဝတ္ထုရှည်ကြီးများဟာ ဆက်လက်ပြီး ရှင်သန်စီးဆင်းနေဦးမှာပဲဆိုတဲ့ အချက်ကတော့ သေချာပါတယ်။

မြန်မာဝတ္ထုရှည်ခရီး

၁။ ခရစ် ၁၉၀၄ ဂျိမ်းစ်လှကျော်(မှီငြမ်း) မောင်ရင်မောင်မမယ်မ
[Count of Monte Cristo by Alexander Dumas]
(ကာလပေါ်ဝတ္ထု မျိုးစေ့ချ)

၂။	၁၉၀၄	ဝန်စာရေးဦးကြီး	ချဉ်ပေါင်ရွက်သည် မောင်မှိုင်း
၃။	၁၉၀၆	မောင်ဘသင်	မောင်တာနော
၄။	၁၉၁၁	ဆင်ဖြူကျွန်းဆရာသင်	မောင်ရွှေတောင်
၅။	၁၉၁၃	ဆရာစော	မောင်စံသူ–မဖွားသိုက်
၆။	၁၉၁၂	ဦးလတ်	စံပယ်ပင်(ရွှေဘိုနယ်နောက်ခံ)
၇။	၁၉၁၄	ဦးလတ်	ရွှေပြည်စိုး(မန္တလေးနောက်ခံ)
၈။	၁၉၁၆	သခင်ကိုယ်တော်မှိုင်း	မှာတော်ပုံ(မင်းတုန်းမင်းလက်ထက်)
၉။	၁၉၁၄	လယ်တီပဏ္ဍိတဦးမောင်ကြီး	ခင်မြင့်ကြီး
၁၀။	၁၉၁၆	လယ်တီပဏ္ဍိတဦးမောင်ကြီး	တင်တင်မြ
၁၁။	၁၉၁၈	လယ်တီပဏ္ဍိတဦးမောင်ကြီး	သန်းသန်း(နန်းတွင်းဝတ္ထုပုံစံ)
၁၂။	၁၉၁၉	လယ်တီပဏ္ဍိတဦးမောင်ကြီး	နတ်သျှင်နောင်
၁၃။	၁၉၂၁	လယ်တီပဏ္ဍိတဦးမောင်ကြီး	ရွှေပြည်ကြီး
၁၄။	၁၉၂၂	လယ်တီပဏ္ဍိတဦးမောင်ကြီး	ဗညားနွဲ့
၁၅။	၁၉၂၅	လယ်တီပဏ္ဍိတဦးမောင်ကြီး	တပင်ရွှေထီး
၁၆။	၁၉၁၅	ပီမိုးနင်း	ဘီအေမောင်တင့်နှင့်ဈေးသည်မယ်မြင့်
၁၇။	၁၉၁၈	ပီမိုးနင်း	ပွဲစားကြီးသားအဖနှင့်မြမြ
၁၈။	၁၉၂၀	ပီမိုးနင်း	သနားဘွယ်
၁၉။	၁၉၂၀	ပီမိုးနင်း	ထင်မိယောင်မှား
၂၀။	၁၉၂၀	ပီမိုးနင်း	ဟေမဝန်ဇွဲ
၂၁။	၁၉၂၀	ပီမိုးနင်း	နေညိုညို
၂၂။	၁၉၂၀	ပီမိုးနင်း	နေရီရီ
၂၃။	၁၉၂၀	ပီမိုးနင်း	ဘားမားဒေး
၂၄။	၁၉၂၁	ပီမိုးနင်း	မယ်ယက္ခ
၂၅။	၁၉၂၂	ပီမိုးနင်း	လွမ်းဆွတ်သူ
၂၆။	၁၉၂၂	ပီမိုးနင်း	ရန်သူနှင့်ရင်သွေး
၂၇။	၁၉၁၆	ရွှေဥဒေါင်း	ရန်ကြီးအောင်
၂၈။	၁၉၁၆	ရွှေဥဒေါင်း	ရတနာပုံ
၂၉။	၁၉၁၈	ရွှေဥဒေါင်း	ရူပနန္ဒီ
၃၀။	၁၉၃၁	သတင်းစာဆရာဦးသိမ်းမောင်	ရဲမြန်မာ
၃၁။	၁၉၃၂	ရွှေစကြာဦးစိုးမြင့်	နားခံတော် (နယ်ချဲ့အန္တရာယ်)
၃၂။	၁၉၃၃	ဒဂုန်ခင်ခင်လေး	ရွှေစွန်ညို (နယ်ချဲ့ဆန့်ကျင်ရေး)
၃၃။	၁၉၃၅	မဟာဆွေ	ဒို့မေမေ
၃၄။	၁၉၃၆	မဟာဆွေ	သူပုန်ကြီး
၃၅။	၁၉၃၇	မဟာဆွေ	ပျို့တောင်ပြိုး(နတ်ကိုးကွယ်မှု)
၃၆။	၁၉၃၇	မဟာဆွေ	ဈေးချိုသူ
၃၇။	၁၉၃၇	မဟာဆွေ	ဝါဝါဝင်း
၃၈။	၁၉၃၈	မဟာဆွေ	စနေဂြိုဟ်(မြင်းပွဲ)
၃၉။	၁၉၃၈	မဟာဆွေ	စစ်ထွက်သူ
၄၀။	၁၉၃၉	မဟာဆွေ	သူပုန့်အိမ်
၄၁။	၁၉၃၀	ရွှေဒုံးဘီအောင်	ပဒမနီ
၄၂။	၁၉၃၆	ရွှေဒုံးဘီအောင်	ပြည်ကြီးမျက်ရှင်
၄၃။	၁၉၃၆	သခင်ဘသောင်း	ပန်းသာမစာဥ
၄၄။	၁၉၃၅	မြမျိုးလွင်	ဤလူ့ဘောင်
၄၅။	၁၉၃၅	ဉာဏ	ပီယဆေး
၄၆။	၁၉၃၆	ရဲထွတ်	လခစား
၄၇။	၁၉၃၈	ရန်အောင်	အညာသားလေး
၄၈။	၁၉၄၀	သင်္ခါ	သူတော်ကောင်းကြီး
၄၉။	၁၉၃၆	စစ်ကိုင်းဦးဘိုးသင်း	တို့ပြည်
၅၀။	၁၉၃၈	စစ်ကိုင်းဦးဘိုးသင်း	ဖာတလုံးခေါင်းကျား
၅၁။	၁၉၃၈	ရွှေလင်းယုန်	သူ
၅၂။	၁၉၄၀	သိန်းဖေမြင့်	တက်ခေတ်နတ်ဆိုး
၅၃။	၁၉၄၃	မင်းဆွေ	ဓား
၅၄။	၁၉၄၄	ဂျာနယ်ကျော်မမလေး	သူမ
၅၅။	၁၉၄၅–၄၇	ရဲထွန်းလင်း	တကယ့်အရေးတော်ပုံတပ်သား
၅၆။	၁၉၄၅–၄၇	ရွှေဒုံးဘီအောင်	ပြောက်ကျား–၉
၅၇။	၁၉၄၅–၄၇	ဘုန်းကြွယ်	ပြောက်ကျားတပ်သား
၅၈။	၁၉၄၅–၄၇	မြဒေါင်းညို	လွတ်လပ်မှအမျှဝေပါ
၅၉။	၁၉၄၅–၄၇	မင်းဆွေ	အချစ်နှင့်တိုင်းပြည်
၆၀။	၁၉၄၅–၄၇	ဇဝန	ရွှေဝါဆန်
၆၁။	၁၉၄၅–၄၇	သုခ	လေဒီဂျစ်
၆၂။	၁၉၄၅–၄၇	မောင်ထင်	ငဘ

မော်လမြိုင် ကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုလမ်းညွှန် ကူညီပံ့ပိုးမှုဖြင့် Alpha Groupက မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ်ဈေးတွင် နိုဝင်ဘာ၂၆ရက်မှ ၃၀ ရက်အထိ မော်လမြိုင် ကုန်စည်ပြပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်ရောင်းချ

အဆိုပါ ကုန်စည်ပြပွဲတွင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ ကြိမ်နှင့်ယွန်းထည် ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးမွေးမြူရေးသုံးဆေးနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ် နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့်ဖက်ရှင် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကလေးအာဟာရနို့မှုန့်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးဝါးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလက်မှု လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ သတင်းနှင့်နည်းပညာဆိုင်ရာပြခန်းများ၊ သကြားလုံး၊ ခေါက်ဆွဲနှင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းများ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

ပြပွဲလာပြည်သူများအား အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြ ကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို နေ့စဉ် အခမဲ့ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အဆိုပါကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည် ဖြစ်သည်။

ဆက်သွယ်နိုင်

မိမိတို့၏ အရည်အသွေး စံချိန်မီ ထုတ်လုပ်ထားသော အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော ပြည်တွင်း၊ပြည်ပကုမ္ပဏီများ၊ ပုဂ္ဂလိက တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အတတ်ပညာရှင်များသည် Alpha Group ဖုန်း–၀၁–၇၀၁၂၁၅ သို့ ဆက်သွယ် စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။

(က–ပ)

အောက်တိုဘာ ၃၁ ရက်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဇနီး ဒေါ်မေကြည်စိန် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အဋ္ဌမအ ကြိမ် မြောက် မဟာ ဘုံကထိန် သင်္ကန်း ဆက်ကပ်ပွဲတွင် ဆရာတော် သံဃာတော်များထံ ကထိန် သင်္ကန်း ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ရုံး စာရင်းစစ်ချုပ် H.E. Mr. Li Jinhua ခေါင်းဆောင်သော ချစ်ကြည်ရေး အဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ချစ်ကြည်ရေး အဖွဲ့ဝင်များအား စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဦးခင်ဝင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်သင်းသင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်ကြည်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Li Jinjunနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံစာရင်းစစ်ရုံး စာရင်းစစ်ချုပ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မန္တလေး၊ပုဂံ-ညောင်ဦးမြို့များသို့ သွားရောက်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ရှေးဟောင်း အမွေအနှစ်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

အောင်ပင်လယ်စာသင်တိုက် ဘုံကထိန်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း အောင်ပင်လယ်စာသင်တိုက်တွင် ပုရိမဝါကပ်တော်မူကြကုန်သော ပဓာနနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတအမှူးရှိသော စာချစာသင် သံဃာတော် အပါး ၉၀ တို့အား အလှူရှင်များ အားလုံးက စုပေါင်း၍ တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၈ ရက်) စနေနေ့တွင် အဆိုပါကျောင်းတိုက်၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။

အလှူရှင်များ ကျောင်းတိုက် ဖုန်း-၅၇၀၅၀၅ သို့ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၉၂)

အောက်တိုဘာ၂၆ရက်ကသာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် မှန်ကင်းပရိယတ္တိစာသင်တိုက် အမှတ် (၇) ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းသို့ လမ်းမတော်မြို့နယ် အမှတ် ၂၈/၃၀၊ ၁၁လမ်းနေ ဦးအေးလွင်-ဒေါ်ရီရီလွင်၊ ဦးတင်ထွေးမိသားစုက မွေးနေ့အထိမ်းအမှတ် တစ်နေ့တာဆွမ်းအလှူငွေနှင့် နဝကမ္မအလှူငွေကျပ်တို့ကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကဝိန္ဒထံ ဆက်ကပ် လှူဒါန်း အပြီးတွေ့ရစဉ်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ကော်မတီ၊ ဆပ်ကော်မတီများ၊ အသင်းအုပ်ချုပ်သူများ ညှိနှိုင်း

ရန်ကုန် နိုဝင်ဘာ ၁

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီ၊ ဆပ်ကော်မတီများ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)၌ ကျင်းပရာ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကိုယ်စား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း (ဘုရင့်နောင်)တပ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား ဒုတိယဗိုလ်မှူးကြီး တင်ကြိုင်က လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပျိုးဥယျာဉ်နှင့် ဥယျာဉ်မှူးသင်တန်းများသို့လေ့လာ

ရန်ကုန် နိုဝင်ဘာ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန၏ စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်လျက်ရှိကြသော ပြည်နယ်၊ တိုင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများသည် အောက်တိုဘာ ၂၈ ရက် ညနေပိုင်းတွင် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့် နှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ဆောင်ရွက်လျက်ရှိသော ပျိုးဥယျာဉ်နှင့် ဥယျာဉ်မှူးသင်တန်းများသို့သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ **(အောက်ပုံ)**

စည်ပင်သာယာရေးဦးစီးဌာန၏ မြို့ရွာများ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပစေရေးအတွက် ဗဟိုလေ့ကျင့်ရေးပျိုးဥယျာဉ်တည်ထောင်ပြီး ဥယျာဉ်မှူးသင်တန်းများကို ဖွင့်လှစ်ကာ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များရှိ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိရာလေ့လာရေးအဖွဲ့ဝင်များသည် ပျိုးဥယျာဉ်များနှင့် ဥယျာဉ်မှူးသင်တန်းများ၌ လေ့ကျင့်သင်ကြားပေးမှုများကို အသေးစိတ် လေ့လာမှတ်သားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁

၁၃၆၅ ခုနှစ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲကို ယမန်နေ့မွန်းတည့်၁၂နာရီတွင် အမှတ် ၅၂၉၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ်၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်နှစ်သိန်း၊ တေးသံရှင် မောင်မောင်အေး (အလင်္ကာဝတ်)က ငွေကျပ်တစ်သိန်း၊ စာရေးဆရာမ ပုညခင်က ငွေကျပ်တစ်သောင်း၊ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်ဝင်း(သားတင့်တယ်)၊ ဒေါ်ခင်မျိုးဝင်း (သမီးတင့်တယ်) မိသားစုက ငွေကျပ် တစ်သောင်း၊ ဒေါ်နီနီတင် (နီနီ-မြန်မာစာ)က ငွေကျပ် တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများက လက်ခံပြီးဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ် ၅၂၉၊ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် (ဖုန်း-၂၅၄၁၇၃၊ ၂၅၂၄၁၇)တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁

ပြင်ဦးလွင် ဂေါက်ကလပ် ဂေါက်ကွင်းတွင် အောက်တိုဘာ ၂၁ ရက်က ဦးဇော်လတ်သည် ကစားဖော်များဖြစ်ကြသော ဦးမောင်အေး၊ ဦးခင်မောင်မြင့်၊ ဗိုလ်ဇော်မင်းသန့်တို့နှင့်အတူ ကစားနေစဉ် ကျင်းအမှတ်(၃)ကို ကိုက် ၁၅၀ အကွာမှနေ၍ မက်ဖလိုင်းဘောလုံးနံပါတ်-၁ (Max FL No.1)ကို မီဆိုနိုသံတုတ် နံပါတ်-၉ (Mizuno Iron 9)ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်းသိရသည်။ **(၂၈၀)**

အောက်တိုဘာ ၃၁ ရက်က ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင် ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂-၁၁-၂၀၀၃
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သစ္စဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်"**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဘောဂဗေဒ) (ခ)ပထမနှစ်(အင်္ဂလိပ်စာ)
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ မြန်မာ့ရှုခင်း
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သီရိဂေဟာ"**(အပိုင်း-၁)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း **"ဦးခိုက်ပူဇော် ဂုဏ်ကျေးဇူးတော်"** **"ရှမဝအငြိမ့်ဖျော်ဖြေခန်း"**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

ပဲခူးတိုင်းနှင့် ရန်ကုန်မြို့ မိုင်(၃၀)ပတ်လည် စိမ်းလန်းစိုပြည်ရေး ဆည်တမံမြင်ကွင်းများ

မဟူရာရေလှောင်တမံ

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မဟူရာ(ငမိုးရိပ်ရေကူ) ရေလှောင်တမံ စီမံကိန်းလုပ်ငန်း ပင်မတမံတည်ဆောက်နေမှု မြင်ကွင်း။



ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည် စပါးနှင့်အခြားသီးနှံစိုက်ပျိုးရေး၊ နှစ်ပတ်လည် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလယ်ကျွန်းဒေသ ဘောလယ်မြစ်မှ စိုက်ပျိုးရေတင်ပေးနေသည့် မြစ်ရေတင်စခန်းကို ဤသို့တွေ့ရသည်။



ရွှေလှေရေထိန်းတံခါး

ရွှေလှေရေထိန်းတံခါးသည် ပဲခူးတိုင်း ကဝမြို့နယ် ဆည်မချောင်းနှင့် ပဲခူးမြစ်ဆုံရာအနီးတွင် တည်ရှိပြီး ၆ ပေ၊ ၁၆ ပေ အကျယ်ရှိ ကွန်ကရစ် ရေထုတ်ရေထိန်းတံခါး အပေါက် ၄၀ နှင့် ၂၂ ပေ အကျယ် ရေဝင်ရေထွက်တံခါး ပါရှိသည်။

အဆိုပါဒေသ၌ မိုးရာသီတွင် နှစ်စဉ် ရေမြုပ်ကွင်းများအဖြစ် ကြုံတွေ့ခဲ့ကြရသည်။ ရွှေလှေရေထိန်းတံခါး တည်ဆောက်ပေးခြင်းဖြင့် မိုးရာသီ ရေကြီးရေမြုပ်ခြင်းမှ ကာကွယ်ပေးနိုင်ပြီး ပဲခူးမြစ်မှတစ်ဆင့် တက်လာမည့် ရေငန်နှင့်နုန်းများကို တားဆီးပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် နွေရာသီတွင် ဧက ၃၅၀၀၀ အတွက် ရေပေးဝေ၍ နွေစပါးစိုက်ပျိုးနိုင်မည်ဖြစ်ပေသည်။

လဂွမ်းပြင်ရေလှောင်တမံ

၂၀၀၁ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် ဖွင့်လှစ်ပေးခဲ့သည့် လဂွမ်းပြင် ရေလှောင်တမံကို တွေ့ရစဉ်။

(လဂွမ်းပြင်ရေလှောင်တမံသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးမြို့နယ် နယ်စပ် သမီးကလေးကျေးရွာအနီး လဂွမ်းပြင်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် မြေသားတမံအမျိုးအစား ရေလှောင်တမံဖြစ်သည်။ တမံ၏အလျားမှာ ပေ ၅၁၈၀၊ အမြင့်မှာ ၆၁ ပေဖြစ်ပြီး ငွေကျပ်သန်းပေါင်း ၁၁၀၇ ဒသမ ၆၈ သန်းကုန်ကျကာ အကျိုးပြု ဧရိယာဧက ၂၂၀၀၀ ကို တစ်နှစ်ပတ်လုံး ရေပေးဝေအကျိုးပြုလျက်ရှိပေပြီ။)



ပဲခူးတိုင်း ကဝမြို့နယ် ရွှေလှေရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

မြန်မာ ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (၂၀၀၃)၏တတိယပွဲစဉ် Kanbawza Open Golf Championship ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ အေးသာယာ ဂေါက်ကွင်း (Managed by Eden Group Co., Ltd.)၌ ဆက်လက် ကျင်းပသည်။

ဆက်လက်ကျင်းပ

ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်း ကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ Rothmans of Pall Mall Myanmar Pte., Ltd. မှ Commercial ဒါရိုက်တာ Mr. Anthony Wong က Hole-In-One ဆုရရှိသော Professional Golfer ညွန့်ဝင်းအား ရန်ကုန်-စင်ကာပူ-ရန်ကုန် (အသွားအပြန်) လေယာဉ်လက်မှတ်ချီးမြှင့်ပြီး K.M Golf Centre မှ ဦးမြင့်သောင်းကလည်း ဂေါက်သီးရိုက်အားကစားပစ္စည်းများ ဆက်လက်ချီးမြှင့်သည်။

ဆက်လက်၍ Kanbawza Bank Ltd. ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အမျိုးသား အပျော်တမ်းပြိုင်ပွဲ၌ နေ့အလိုက် အကောင်းဆုံးရိုက်ချက် (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများဖြစ်ကြသည့် ပထမနေ့ပြိုင်ပွဲတွင် ယဉ်အောင်လတ် ၇၄ချက်၊ ဒုတိယနေ့ ပြိုင်ပွဲတွင် ဇော်ဇင်ဝင်းနှင့် ယဉ်အောင်လတ်တို့က ၇၂ ချက်စီ၊ တတိယနေ့ ပြိုင်ပွဲတွင် မျိုးနိုင် ၇၅ ချက်၊ စတုတ္ထနေ့ပြိုင်ပွဲတွင်အောင်အောင်ကျော် ၇၃ချက်တို့အားလည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်က Professional Golfers ပြိုင်ပွဲ၌နေ့အလိုက်အကောင်းဆုံးရိုက်ချက် (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများမှာ ပထမနေ့ ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West) အချက် ၇၀၊ ဒုတိယနေ့ ပြိုင်ပွဲတွင် အောင်ဝင်း (Y.C.D.C) အချက်၇၀၊ တတိယနေ့ ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West)၇၁ချက်နှင့် စတုတ္ထနေ့ ပြိုင်ပွဲတွင် ရီထွန်း (တောင်ကြီး) ၇၁ ချက်တို့အားလည်းကောင်း ဆုများကို ချီးမြှင့်ပေးအပ်သည်။

ဆုချီးမြှင့်

ယင်းနောက် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၉၉ ချက်ဖြင့် ဗိုလ်စွဲသွားသော ယဉ်အောင်လတ်၊ စုစုပေါင်း ရိုက်ချက် ၃၀၁ ချက်ဖြင့် ဒုတိယရရှိသော အောင်အောင်ကျော်နှင့် စုစုပေါင်း ရိုက်ချက် ၃၀၂ ချက်ဖြင့် တတိယရရှိသော ဇော်ဇင်ဝင်း တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် အချက် ၂၉၀ဖြင့် ဗိုလ်စွဲသွားသည့် ဇော်ဇော်လတ်(Pan-West)၊ စုစုပေါင်းရိုက်ချက် (၂၉၁) ချက်ဖြင့် ဒုတိယရရှိသော မန္တလေးမြို့ ရေတံခွန်တောင်ပြိုင်ပွဲ ချန်ပီယံဟောင်း အောင်ဝင်း(Y.C.D.C)နှင့် စုစုပေါင်း ရိုက်ချက် ၂၉၅ ချက်ဖြင့် တတိယရရှိသော ဇော်ပိုင်ဦး (Pan-West) တို့အား ဆုများကိုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ Kanbawza Bank Ltd. ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် ဇော်ဇော်လတ် (Pan-West)အားဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး Rothmans of Pall Mall Myanmar Pte., Ltd. မှ Joint Deputy မန်နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)က တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်းကို ဂုဏ်ပြု အမှတ်တရ လက်ဆောင်ပေးအပ်ချီးမြှင့်ရာ Eden Group Co., Ltd. မှ အထွေထွေမန်နေဂျာ ဦးကျော်စိုးထွန်းက လက်ခံသည်။

ယင်းနောက် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က ပြိုင်ပွဲတစ်လျှောက်လုံးတွင် Title Sponsor အဖြစ် အကူအညီပေးခဲ့သော Kanbawza Bank Ltd. အား ဂုဏ်ပြုအမှတ်တရလက်ဆောင် ချီးမြှင့်ရာ Kanbawza Bank Ltd. ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက လက်ခံသည်။

အမှတ်တရလက်ဆောင်

ထို့နောက် Rothmans of Pall Mall Myanmar Pte., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Arend Ng က ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဒုတိယတိုင်းမှူးဗိုလ်မှူးကြီးဝင်းမြင့်တို့အား ဂုဏ်ပြု အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

ယင်းပြိုင်ပွဲကို Rothmans of Pall Mall Myanmar Pte., Ltd၊ KBZ Bank Ltd.၊ Air Mandalay၊ Grand Slam (Musing Wear)၊ Loi-Hein (Alpine)၊ K.M Golf Centre၊ Maruman နှင့် Wilson Canon၊ UPG၊ Eden Group Co.,Ltd. တို့က ပံ့ပိုးကူညီကြသည်။

(သတင်းစဉ်)

အင်အားနည်းမြေငလျင်လှုပ်

ရန်ကုန် နိုဝင်ဘာ ၁

အောက်တိုဘာ ၃၁ ရက် ယမန်နေ့ မြန်မာစံတော်ချိန် ညနေ ၅နာရီ ၃၇မိနစ် ၁၂စက္ကန့် အချိန်တွင် မန္တလေး မြေငလျင်စခန်း၏တောင်ဘက် ၁၇၂ မိုင်ခန့် ကွာဝေးသော နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားခြင်းကို တိုင်းထွာရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၉)ကို ယနေ့ထုတ်ဝေဖြန့်ချိထားသည်။ မဟာသတင်းဂျာနယ် မျက်နှာဖုံး သတင်းတွင် အကယ်ဒမီလွင်မိုး ကျန်းမာရေး အခြေအနေ ပြန်လည်ကောင်းမွန်သည့်သတင်း၊ ချစ်ခြင်းငယ်ပြိုင် ကန့်လန့်ကာနောက်ကွယ်က ချမ်းသာ ရွှေသွေးသတင်းများနှင့်အတူ စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ (၄၃)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ဆူဒိုနင်တို့၏ဆောင်းပါးများပါဝင်ပြီး မြတ်ခိုင်၏ မွေးခွန်း (၁၀၀၀)၊ အင်္ဂါစကားဝိုင်းတို့အပြင် ပြည်တွင်းပြည်ပ အားကစားသတင်း၊ အနုပညာသတင်း၊ 3D လက်ဆောင် တို့ ဖော်ပြထားကြောင်း သိရှိရသည်။

(က-ပ)

ဒါတွေကိုသိဗို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့

❖ ခြောက်တိုင်းလည်း မကြောက်နဲ့

❖ ချော့တိုင်းလည်း မပျော့နဲ့

ခြောက်ပွင့်ဆိုင် လူငယ်ဘောလုံးပြိုင်ပွဲ စက်မှု(၁)နှင့် အား/ကာသိပ္ပံ(က) သရေကျ

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ခြောက်ပွင့်ဆိုင် လူငယ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပရာ စက်မှု(၁) အသင်းနှင့် အား/ကာသိပ္ပံ(က)အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

စက်မှု(၁)အသင်းအတွက် မင်းမင်းထွန်းက ဦးဆောင်ဂိုးသွင်းယူပြီး အား/ကာသိပ္ပံ(က)အသင်းအတွက် ရဲမောင်မောင်ထက်က ချေပဂိုးသွင်းယူသည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူငယ်များပီပီ ကစားအားရှိသော်လည်း အပေးအယူမတိကျခြင်း၊ ဂိုးသွင်းမသေချာခြင်းတို့ကြောင့် ဂိုးထပ်မံမရရှိဘဲ သရေနှင့် ပွဲပြီးသွားသည်။ သရေပွဲဖြစ်သွား၍ တစ်မှတ်စီ ခွဲယူသွားကြသည်။

ယနေ့ပွဲ

နိုဝင်ဘာ ၂ ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်သွယ်/စာတိုက်၊ ကြေးနန်းအသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး) အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(မြန်မာ့အလင်း)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးသန်းထွန်းအေး [TKK Agency (Yangon) Co.,Ltd.] - ဒေါ်နန်းဝင်း
တို့၏သားငယ်
မောင်ရဲလတ်အေး
BA Business Economics(Hons), U C L A (USA)
CPA Candidate (USA)
Business Development Manager
United Engineering Co.,Ltd.
နှင့်
ရန်ကုန်မြို့နေ
ဦးဝင်းနိုင် (United Engineering Co.,Ltd.) - ဒေါ်လှလှမူ
တို့၏သမီးကြီး
မကြည်မွန်နိုင်
BS (Computer Science), C L U (USA)
Business Development Manager
United Business & Computing Co.,Ltd.

တို့အား (၂၉-၁၀-၂၀၀၃)နေ့တွင် လက်ထပ်မင်္ဂလာ [illegible] (၁-၁၁-၂၀၀၃)နေ့တွင် SEDONA HOTEL ၌ [illegible] SEDONA HOTEL [illegible]

နှစ်ပါးသောမိဘများနှင့်
မောင်ရဲလတ်အေး - မကြည်မွန်နိုင်။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

အန်ကယ် ကမ္ဘောဇ ဦးခင်လှိုင် (လားရှိုးမြို့) ၏ ၂-၁၁-၂၀၀၃ ရက်တွင် ကျရောက်သော (၇၂)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နှစ်ပေါင်းရာကျော်တိုင် ချစ်သောမိသားစုနှင့်အတူ ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက်။

ချစ်တူမများ
အဲလီးဇဘက်နှင့် နီနီ(မဖြူ)၊
(၇)မိုင်၊ ရန်ကုန်။

နှစ်(၃၀)ပြည့်မင်္ဂလာဆုတောင်း

၂-၁၁-၂၀၀၃ရက်တွင် ကျရောက်သည့် ဖေဖေဗိုလ်ကြီးမြင့်လှိုင်နှင့် မေမေ ဒေါ်ဝင်းတို့၏ နှစ်(၃၀) ပြည့် မင်္ဂလာရက်တွင် ပြုလုပ်သည့် အလှူဒါနအတွက် အသက်ရှည်ပြီး သာသနာအကျိုးများတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းပါသည်။

သားကြီး - မြင့်ထွန်းလှိုင်-မမြတ်မြတ်မိုး
သားငယ် - ဗိုလ်ကြီး မြင့်ဝင်းလှိုင်
သမီး - မဝင်းကလျာလှိုင်
မြေး - ချစ်ပုံ

ဘာသာစကားသင်တန်းများဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁

နိုင်ငံခြားသို့သွားရောက်ပညာသင်လိုသူများနှင့် ဘာသာစကားများကို ကျွမ်းကျင်လိုသူများအတွက် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်များ၊ ကောလိပ်များနှင့် ပူးပေါင်းကာ Business Management, Computer Studies, Engineering, Hotal & Catering Management, Tourism Management နိုင်ငံခြားဘာသာစကား (ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလိပ်)သင်တန်းများသို့ ဝင်ခွင့်ရရှိရန် Foundation Course များနှင့် အင်္ဂလိပ်စာကျွမ်းကျင်လိုသူများအတွက် Communication English, Intensive English, Business English များကို အချိန်တိုဆုံးနှင့် အထိရောက်ဆုံး Progressive Engineering and Language Training Center က ဝင်ခွင့်ရသည်အထိ ပို့ချပေးနေပြီဖြစ်သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် လုပ်ငန်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူများ၊ ဘွဲ့ရများ တက်ရောက်နိုင်ပြီး အခန်းအမှတ် ၃၀၄၊ MGW Center၊ ဗိုလ်အောင်ကျော်လမ်း(အာလာဒင် အပေါ်ထပ်)၊ ဖုန်း- ၂၄၅၈၈၆ နှင့် ၀၉-၅၀၀-၈၇၇၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းတွင်ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကိုကိုးကျွန်းမြို့နယ် ရဲတပ်ဖွဲ့စခန်း ကြည့်ရှုစစ်ဆေး

ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စနစ်တကျစိုက်ပျိုးမွေးမြူပြီး တိုးချဲ့ဆောင်ရွက်ရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၃၀ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နံနက်၁၀နာရီတွင် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိပြီး ရဲတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့ ရဲတပ်ဖွဲ့စခန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စခန်းဝင်းအတွင်းရှိ မြေလွတ်မြေလပ်များ၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စနစ်တကျစိုက်ပျိုးပြီး၊ မွေးမြူရေးကို တိုးချဲ့ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးအောင်က ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များကို ကျောင်းအုပ်ဆရာကြီး ဦးနေဝင်းထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၀၂-၂၀၀၃ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်ကောင်းအောင် သင်ကြားပေးခဲ့သည့် ဆရာဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၀၂-၂၀၀၃ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်း (၉၄ ဒသမ ၇၄) ရာခိုင်နှုန်းအောင်မြင်အောင် သင်ကြားပြသပေးခဲ့ကြသည့် ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တောင်တက်အဖွဲ့ ရှမ်းပြည်နယ်တွင်လေ့ကျင့်

ရန်ကုန် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်ခေါင်းဆောင်၍ အုပ်ချုပ်သူသုံးဦးနှင့် အဖွဲ့ဝင် ၃၅ ဦးပါဝင်သော တက္ကသိုလ်ပေါင်းစုံမျိုးဆက်သစ်တောင်တက်အဖွဲ့ဝင်များသည်ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် မြင်းစိုင်းကုန်းကျေးရွာကို အခြေပြု၍ မြင်းမထိတောင် ပေ ၅၈၆၂ သို့ အောက်တိုဘာ ၁၆ ရက်တွင်လည်းကောင်း၊ ဆင်တောင် ပေ ၆၀၂၀ သို့ အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ပင်းတယမြို့နယ် မြောက်ရွှေပုထိုးကျေးရွာကို အခြေပြု၍ အရှေ့မြင် အနောက်မြင်တောင် ပေ ၇၇၅၂ သို့ အောက်တိုဘာ ၂၁ရက်တွင်လည်းကောင်း အောင်မြင်စွာ လေ့ကျင့်တက်ရောက်၍ နိုင်ငံတော်အလံများကို လွှင့်ထူနိုင်ခဲ့ကြသည်။ အောက်တိုဘာ၂၄ရက်တွင် တောင်ကြီးမြို့နယ် တောင်ချွန်းတောင်တွင် တောင်တက်ကြိုးသွယ်၍ ကျောက်ကမ်းပါးယံတက်နည်း၊ ဆင်းနည်းများကိုလက်တွေ့လေ့ကျင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်နှင့်အဖွဲ့ အောက်တိုဘာ ၇ ရက်က ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မနောသုခ စပါးစိုက်ခင်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။ (က-ပ)

ပြည်မြို့ မြတ်စွယ်တော်အပူဇော်ခံပွဲ

ရန်ကုန် အောက်တိုဘာ ၃၁

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီမြတ်ကြီး၏ ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်ဘုရားပွဲတော်နှင့် (၁၀၄) ခုနှစ်ပြည့် မြတ်စွယ်တော်အပူဇော်ခံပွဲကို ဂေါပကအဖွဲ့ကကြီးမှူး၍ နိုဝင်ဘာ ၁၀ရက်အထိ စည်ကားစွာ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီတွင် မြတ်စွယ်တော်အား ရင်ပြင်တော်ပေါ်ရှိ မြတ်စွယ်တော် ဂန္ဓကုဋိတိုက်ဖွင့်လှစ်၍ အများပြည်သူတို့ အပူဇော်ခံပြီး နိုဝင်ဘာ ၆ရက် နံနက် ၆နာရီတွင် သုံးနှစ်တစ်ကြိမ် မြို့အတွင်း လှည့်လည် အပူဇော်ခံသည့် အစဉ်အလာအတိုင်း ရပ်ကွက်အသီးသီးမှ ဝတ်အသင်းများနှင့်အတူ ယိမ်းအဖွဲ့ကိုးခုနှင့် စည်ကားစွာ လှည့်လည် အပူဇော်ခံကာ နိုဝင်ဘာ ၁၀ ရက် ည ၉ နာရီတွင် ရွှေဆံတော်စေတီရင်ပြင်တော်ပေါ်ရှိ စွယ်တော်တိုက် ဂန္ဓကုဋိတိုက်တော်အတွင်း ပြန်လည်ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဟိုပင်မြို့တွင် သံဃာ့ဆေးရုံဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့ သံဃာ့ဆေးရုံဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက်က ဆေးရုံအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက သံဃာ့ဆေးရုံဖြစ်မြောက်ရေးကော်မတီဝင်များထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

လူငယ်အမျိုးသားတံခွန်စိုက်ပြေးခုန်ပစ်ဗိုလ်လုပွဲများနှင့်ဆုပေးပွဲ အားကစားဝန်ကြီးတက်ရောက်ကြည့်ရှုအားပေး၊ ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက်မှစတင်၍ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပသော ၂၀၀၃ ခုနှစ် စတုတ္ထအကြိမ်မြောက် လူငယ်အမျိုးသားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲကို တက်ရောက်ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဒိုင်းဆုချီးမြှင့်သည်။ (အပေါ်ပုံ)

ပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအား ပေးကြသည်။

ဗိုလ်လုပွဲ ပွဲစဉ် ၁၁ပွဲကျင်းပပြီး ပြိုင်ပွဲများအပြီးတွင် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသား သံပြားဝိုင်းပစ် ပြိုင်ပွဲတွင် ပထမ၊ဒုတိယနှင့် တတိယဆုရရှိကြသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အေးမြင့်ကြူက ဆုများချီးမြှင့်သည်။

ယင်းနောက် အမျိုးသမီးတံခွန်စိုက်ဆုရ အား/ကာ သိပ္ပံ (ရန်ကုန်)အား အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ကလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုရ အား/ကာ သိပ္ပံ (မန္တလေး)အား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်ထွန်းကလည်းကောင်း ဒိုင်းဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က စုပေါင်းတံခွန်စိုက်ဆု ဆွတ်ခူးရရှိသွားသော အား/ကာသိပ္ပံ (မန္တလေး) အား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက အား/ကာ သိပ္ပံ(ရန်ကုန်)အား ဆုကြေးငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ အား/ကာ သိပ္ပံ(မန္တလေး)အား ဆုကြေးငွေကျပ်တစ်သိန်းကိုလည်းကောင်း ချီးမြှင့်ပြီး ရဲမွန်ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ဆန်းက အား/ကာသိပ္ပံ(ရန်ကုန်)နှင့်အား/ကာ သိပ္ပံ(မန္တလေး)အား ဆုကြေးငွေကျပ် ငါးသောင်းစီ ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြို့မြို့ အနယ်နယ် သတင်းများ

သက်ကြီးရွယ်အိုများနေ့အခမ်းအနားကျင်းပ

ပခုက္ကူ အောက်တိုဘာ ၂၀

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်က ပခုက္ကူမြို့ အမှတ် (၃)ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၈ ဦးတို့အား အလှူရှင်များက ငွေနှင့်ပစ္စည်းများ ထောက်ပံ့လှူဒါန်းကြပြီး အဘိုးအဘွားများအား ကန်တော့ကြသည်။

(ခရိုင် ပြန်/ဆက်)

ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်သို့ စာအုပ်များလစဉ်လှူဒါန်းလျက်ရှိသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးဦးစံလှဆောင်က အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ နွားထိုးကြီးမြို့နယ်၌ရှင်း

နွားထိုးကြီး အောက်တိုဘာ ၂၀

မြို့နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ ရုပ်မြင်သံကြား နှင့် ဗီဒီယိုဥပဒေရှင်းလင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး ခင်မောင်ဖြူနှင့် မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးလှမြင့်က ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားသည်။**(၂၁၃)**

နွေစပါးဧက ၉၀၀၀ ကျော်စိုက်ပျိုးရေး မဲဇလီကုန်းမြစ်ရေတင်နွေစပါးစိုက်ကွင်း၌ပေါင်းမြက်များရှင်း

အင်္ဂပူ အောက်တိုဘာ ၂၀

အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စိုက် တိုးမြှင့်အဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ် အင်္ဂပူမြို့နယ် နွေစပါးစိုက်ဧက ၉၀၀၀ ကျော်အပြည့်အဝစိုက်ပျိုးရေးအတွက် မဲဇလီကုန်း လျှပ်စစ်ရေတင်နွေစပါးစိုက်ကွင်းတွင် ပိတ်ဆို့နေသော ရေမြောင်းများဖော်ခြင်း၊ သစ်ပင်ချုံနွယ်များခုတ်ထွင် ရှင်းလင်းခြင်း၊ ပေါင်းရှင်းလင်းခြင်းနှင့်ရေသွင်းမြောင်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပွဲကို အောက်တို ဘာ ၁၃ ရက်ကကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မဲဇလီကုန်းကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ရေအရင်းအမြစ်ဦးစီးဌာနမှဝန်ထမ်းများ၊ ကျေးရွာတောင်သူ လယ်သမားများ စုပေါင်းပြီး ပိတ်ဆို့နေသော ရေသွင်းမြောင်းများဖော်ခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ ပေါင်းရှင်းခြင်းနှင့် ရေသွင်းမြောင်းများတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

စုပေါင်း ဆောင်ရွက်ရာသို့ အင်္ဂပူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးသစ်လွင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြသည်။**(၁၃၁)**

အောက်တိုဘာ ၂၀ ရက်က မလှိုင်မြို့နယ် လှိုင်သာယာပန်းခြံဝင်းအတွင်း ပေါင်းမြက်များရှင်းလင်းခြင်း၊ ပန်းအလှပင်များဖြည့်ဆည်းစိုက်ပျိုးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်း၊ လက်ထောက်အင်ဂျင်နီယာ ဦးမြငြိမ်းနှင့် မြို့နယ်စည်ပင်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(က-ပ)

ဆရာများနေ့အထိမ်းအမှတ် ကျောက်ပန်းတောင်း၌အာစရိယပူဇော်

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၀

ကျောက်ပန်းတောင်းမြို့နယ် ပညာရေးဦးစီးဌာနကကြီးမှူး၍ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမတွင်ကျင်းပသည်။ အခမ်းအနားတွင် အသက်(၇၅)နှစ်အထက် အငြိမ်းစား ဆရာဆရာမကြီး ၃၀ တို့အား မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက လက်အုပ်ချီ ကန်တော့ကြပြီးထောက်ပံ့လှူဒါန်းငွေများ ပေးအပ်ကြသည်။

(ဝဗ၁)

ပညာ့အလင်း စာကြည့်တိုက်ဖွင့်

အင်းစိန် အောက်တိုဘာ ၂၅

အင်းစိန် ရွာမအရှေ့ရပ်ကွက် ပညာ့အလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက်က ရပ်ကွက်ခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မောင်လွင်၊ မြို့နယ် မူးယစ်ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးသိန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၃၉)နှစ်မြောက် ရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

စလင်း အောက်တိုဘာ ၂၀

(၃၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်နံနက်က စလင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများတက်ရောက် ကြသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးချစ်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

ပအိုဝ်းရတနာကားလိုင်းအသင်း ပင်လုံ-တောင်ကြီးခရီးစဉ်သစ်ဖွင့်

ပင်လုံ အောက်တိုဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသရှိ တိုင်းရင်းသား ညီအစ်ကိုများနှင့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ ခရီးသွားလာမှုလွယ်ကူချောမွေ့ အဆင်ပြေစေရန် ရည်ရွယ်၍ ပအိုဝ်း ရတနာကားလိုင်း အသင်းမှ ခရီးသည် ၂၅ ဦးတင်ဆောင်မည့် မှန်လုံယာဉ်ဖြင့် ပင်လုံ-တောင်ကြီး ခရီးစဉ်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၆ ရက် နံနက်ကပင်လုံမြို့ ဈေးအရှေ့ဘက်တွင် ကျင်းပသည်။

မင်္ဂလာချိန်တွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့်ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှူး ဦးဝင်းမြင့်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မော်တော်ယာဉ်လိုင်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပအိုဝ်းရတနာမော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးခွန်အောင်သိန်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်ထံပေးအပ်လိုက်သည်။ မော်တော်ယာဉ်လိုင်းသစ်ဖွင့်လှစ်ပြီးနောက် ပအိုဝ်းရတနာမော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ပင်လုံမြို့ဝိကာသိနီကုန်းတော်၌ တည်ထားကိုးကွယ်မည့် မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်တည်ဆောက်ရေးအတွက် အလှူငွေများကို ပင်လုံမြို့ အုပ်ချုပ်ရေးမှူးဦးသန်းလွင်ထံ ပေးအပ်လှူဒါန်းသည်။

(၁၈၉)

ဆောင်ရွက်

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး ရေမြောင်း သန့်ရှင်းရေးလုပ်ငန်းကို စက်တင်ဘာ ၁၆ ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး (အခွန်)ဦးသန်းထွန်းက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(က-ပ)

ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု သန့်ရှင်းရေးဆောင်ရွက်

နောင်ချို အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးစိုင်းထွန်းလှအေး၊ စခန်းမှူးရဲအုပ်အောင်မြင့်ကြီးကြပ်ကာ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားမိသားစုများသည် အောက်တိုဘာ ၁ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နောင်ချိုမြို့ တောင်ရပ်ကွက် အတွင်းရှိ သာသနာ ၂၅၀၀ဘုရားစေတီတော်ဝန်းကျင်အတွင်းအပြင်တို့တွင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်၊ အမှိုက်များ ရှင်းလင်းခြင်း သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ **(က-ပ)**

ဘုတ်ပြင်းအထကပညာရည်ချွန်ဆုချီးမြှင့်

ဘုတ်ပြင်း အောက်တိုဘာ ၂၀

ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ၂၀၀၂-၂၀၀၃ပညာသင်နှစ်မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၉ ရက်က အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ပြင်ဆင်ဖွဲ့စည်းပြီး ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများနှင့် အတန်းလိုက် ပညာရည်ချွန်ဆုရသူများအား တာဝန်ရှိသူများက အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)